# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၂၁ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၃၀)


## မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

**နေပြည်တော် ဩဂုတ် ၂၀**

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း(၉၀)အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့်ပါတီ (၄၂)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၃၂)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
## မလေးရှားနိုင်ငံဘုရင်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၂၁**

၂၀၁၀ ခုနှစ် ဩဂုတ် ၃၁ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ မလေးရှားနိုင်ငံဘုရင် တွမ်ကူ မီဇန် ဇိုင်နယ် အဘီဒင် အစ်ဘနီ အယ်လ်မာဟွန်း ဆူလ်တန်မာမွတ် အယ်လ်မုတာဖီ ဘီလားရှားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်
## မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၂၁**

၂၀၁၀ ခုနှစ် ဩဂုတ် ၃၁ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက်နာဂျစ် ဘီတွန်း ဟာဂျီ အဗ္ဗဒူ ရာဇတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



ကျောက်မဲလေးရွာအနီးလမ်းပိုင်းတွင် မြေသားနံရံ ပြုပြင်မှုလုပ်ငန်းများကို ယန္တရားဖြင့် ဆောင်ရွက်နေစဉ်။

## အထူးစီမံကိန်းဝင် ပြင်ဦးလွင် - မိုးကုတ်လမ်းမကြီး

သတင်းခရီးသည်
ကိုသစ္စာ
ဓာတ်ပုံမှတ်တမ်း
ကျော်မြင့်သန်း(လမ်းမတော်)

**ပြင်ဦးလွင် ဩဂုတ် ၂၀**

အေးချမ်းသာယာသော ပြင်ဦးလွင်မြို့....။ မြူနှင်းများဝေဆိုင်းပြီး မြင့်မားသော တောင်ကြောပေါ်မှ ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာနေသော ပန်းမြို့တော်။ ထိုမြို့မှသည် ပတ္တမြားမြေသို့ ဆက်သွယ်သည့်လမ်း။ ပြင်ဦးလွင်နှင့် မိုးကုတ်ကားလမ်းမကြီးကို ဖောက်လုပ်နေပြီ။ အထူးစီမံကိန်းဝင် ကားလမ်းဖောက်လုပ်မှု။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားစွာအထောက်အကူပြုမည့် ကားလမ်းစီမံကိန်း။

ပန်းမြို့တော်မှသည် ပတ္တမြားမြေဆီသို့။

*စာမျက်နှာ ၈ ကော်လံ ၁* ✱

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၃၁ ရက်)

# မိခင်နှင့် ကလေးကျန်းမာရေး အလေးထားဖော်ဆောင်ပေး

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို အမွေခံကောင်းများအဖြစ် လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ရန် ကျန်းမာကြံ့ခိုင်သော၊ ဉာဏ်ရည်ပြည့်ဝသော မျိုးဆက်သစ်လူကောင်းလူတော်များ ပေါ်ထွန်းရန် လိုအပ်ပေသည်။ ထိုမျိုးဆက်သစ်လူကောင်းလူတော်များကို ပျိုးထောင်ရာတွင် အခြေခံအကျဆုံး ပြုစုပျိုးထောင်ရသူတို့မှာ မိခင်များဖြစ်ကြသည်။ ထို့ကြောင့် မိခင်နှင့်ကလေးငယ်များ ကျန်းမာကြံ့ခိုင်ရေးသည် အရေးပါလျက်ရှိပေသည်။

မိခင်နှင့်ကလေးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံလိုအပ်ချက်မှာ အာဟာရဖွံ့ဖြိုးရေးပင်ဖြစ်သည်။ ယခုအခါ နိုင်ငံနှင့်အဝန်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကျင်းပ၍ မိခင်နှင့်ကလေးအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့်လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းဖြင့် ကလေးငယ်များတွင် ဖြစ်ပွားတတ်သည့် အာဟာရမပြည့်ဝခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ရောဂါဝေဒနာများကို လျော့နည်းကျဆင်းစေနိုင်သည်။ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ ကလေးသူငယ်များ အာဟာရ ပြည့်ဝမျှတစွာစားသုံးတတ်သည့် ဓလေ့လည်း ပိုမိုထွန်းကားလာမည်ဖြစ်သည်။

အင်အားပြည့်ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်း၊ သန်ကောင်ရောဂါကာကွယ်ရေးအတွက် သန်ချဆေးမှန်မှန်သောက်သုံးစေခြင်းတို့ကို ဂရုတစိုက် ဆောင်ရွက်ပေးပါက ကလေးများ၏ခန္ဓာကိုယ်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်စွာ စာပေသင်ကြားနိုင်မည်ဖြစ်သည်။ အခြားရောဂါများ ဝင်ရောက်မှုကိုလည်း ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။

အရည်အသွေးပြည့်မီသည့် အိုင်အိုဒင်းဆားထုတ်လုပ်စားသုံးမှု တိုးတက်လာသည်နှင့်အမျှ အိုင်အိုဒင်းချို့တဲ့ရောဂါများ မြန်မာ့မြေမှ ပပျောက်သွားမည်ဖြစ်သည်။ အာဟာရပညာပေးလုပ်ငန်းများ ပြည်သူများအတွင်းသို့ ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ရာ၌ ကျန်းမာရေးဝန်ထမ်းများသာမက ပြည်သူများပါ ဝိုင်းဝန်းလက်တွဲ ပါဝင်ကြရမည်ဖြစ်သည်။

မိခင်များအား မိခင်နို့စနစ်တကျတိုက်ကျွေးခြင်း၊ ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်း၊ အသက်နှစ်နှစ်မှ ငါးနှစ်အောက်ကလေးများ၊ မူလတန်းကျောင်းသားအရွယ်ကလေးများနှင့် ကိုယ်ဝန်သုံးလအထက် အမျိုးသမီးများအား သန်ချဆေးတိုက်ကျွေးခြင်း၊ အမျိုးသမီးများ သံဓာတ်ဆေးပြားသောက်သုံးခြင်းတို့၏ အကျိုးကျေးဇူးကို ပိုမိုသိရှိရန် အသိပညာပေးရမည်ဖြစ်သည်။ ထို့အပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက်မိခင်များ ဗီတာမင်ဘီဝမ်းဆေးပြားသောက်သုံးရန်၊ အရည်အသွေးပြည့်ဝသော အိုင်အိုဒင်းဆားထုတ်လုပ်စားသုံးမှု အရှိန်အဟုန်မြှင့်တင်ရန်၊ အသက်အရွယ်အလိုက် အာဟာရပြည့်ဝစွာ စားသောက်တတ်သည့် ဓလေ့ထွန်းကားရန်တို့ကို ပညာပေးစည်းရုံး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ရင်သွေးငယ်များ အာဟာရချို့တဲ့မှုကြောင့် အသက်မဆုံးရှုံးရေးနှင့် အာဟာရပြည့်ဝရေးအတွက် မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းနှင့် ကလေးငယ်များအား စနစ်တကျအစာအာဟာရကျွေးခြင်းသည် အနာဂတ်နိုင်ငံတော်အတွက် ကျန်းမာကြံ့ခိုင်သည့် ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံ ဖွံ့ဖြိုးတိုးတက်သော မျိုးဆက်သစ်လူငယ် လူကောင်းလူတော်လေးများ ပေါ်ထွန်းလာရေးအတွက် များစွာအထောက်အကူပြုနိုင်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၃၁-၈-၂၀၁၀ (အင်္ဂါနေ့)

### နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **တရားဟောဂုဏ်ရည် (မြန်မာအဋ္ဌကထာတေဒင်)**
၇:၁၅ ၄။ ဓမ္မပူဇာတေး
၇:၂၀ ၅။ မျိုးချစ်တပ်မတော်
၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

### ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၁၀။ **မိုးသောက်ကြယ်** (အပိုင်း-၁၄)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၅။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၁)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဟာသရုပ်စုံ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဉ္စလက်ပုံရိပ်** (အပိုင်း-၉)
၂၄။ **Mini Series**



## မီးသတ်တပ်ဖွဲ့ နည်းပညာနှင့် သုတေသနအဆောက်အအုံဆောက်လုပ်နေမှု

## ဝန်ကြီးဦးမောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ မီးသတ်တပ်ဖွဲ့ နည်းပညာနှင့် သုတေသနအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### ဆောင်ရွက်ပေး

ရှေးဦးစွာ ဝန်ကြီးအား ဆောက်လုပ်ရေးလုပ်ငန်း တာဝန်ခံအင်ဂျင်နီယာက အဆောက်အအုံဆောက်လုပ်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက အဆောက်အအုံဆောက်လုပ်ရာ၌ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရေး၊ အသုံးပြုပစ္စည်းများ အရည်အသွေးပြည့်မီမှန်ကန်ရေးနှင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် တို့ကိုမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သုတေသနအဆောက်အအုံဆောက်လုပ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ စမ်းချောင်းမြို့နယ်ရှိ မီးသတ်တပ်ဖွဲ့နည်းပညာနှင့် သုတေသနအဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်)

## သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး



မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ဦးလမ်း ကတ္တရာထပ်ပိုးလွှာခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို ဩဂုတ် ၅ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## ထန်းတပင်မြို့နယ်၌ ငါးမျိုးစိုက်ထည့်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသန်းဦးဝေဦးစီး၍ ထန်းတပင်မြို့နယ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၁ရက်က ပန်းတိုင်ကျေးရွာအုပ်စုရှိ ရေထိန်းတံခါးအနီး သဘာဝရေပြင်၌ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ငါးလုပ်ငန်း ဦးစီးမှူး ဦးဘုန်းဝေဦးနှင့် ဝန်ထမ်းများ၊ ထန်းတပင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်နှင့်ဝန်ထမ်းများ၊ ပန်းတိုင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူလယ်သမားများနှင့် ရေလုပ်သားများက သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်းများနှင့် ကွင်းအမှတ် ၃၄၅(ခ)ရှိ စပါးခင်းဧက ၃၀၀အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ တစ်သိန်းခွဲတို့ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။

(ယာပုံ) (ငါးလုပ်ငန်းဦးစီး)







ရန်ကုန်တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

## တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၃၀

တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် တိုင်းအားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၊ အားကစားသမားများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများသည် ဖွင့်ပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း မလေးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၁၀ခုနှစ် ဩဂုတ် ၃၁ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဒါတွတ် အာနီဖာ အာမန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်တာဝန်တပ်ဖွဲ့မှ စစ်ရေယာဉ်နှစ်စင်း ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဩဂုတ် ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ရေတပ်တာဝန်တပ်ဖွဲ့မှ စစ်ရေယာဉ်နှစ်စင်းသည် ချစ်ကြည်ရေးခရီးအဖြစ် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်တိုင်း ဒေသကြီး သန်လျင်မြို့နယ် သီလဝါရှိ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

**ကြိုဆိုနှုတ်ဆက်**

Rear Admiral Zhang Wendan ခေါင်းဆောင်သည့် စစ်ရေယာဉ်အမှတ် (၁၆၈) ဖျက်သင်္ဘော Guangzho သည် ညနေ ၅ နာရီ ၁၀ မိနစ်တွင် သီလဝါဆိပ်ကမ်းသို့ ဆိုက်ကပ်လာရာ ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Gao Tiejun က စစ်ရေယာဉ်ပေါ်သို့ တက်ရောက်၍ Rear Admiral Zhang Wendan အား ခရီးဦးကြိုဆိုနှုတ်ဆက်သည်။ **(ယာပုံ)**

ထို့နောက် Rear Admiral Zhang Wendan သည် သီလဝါဆိပ်ကမ်း၌ ကြိုဆိုနှုတ်ဆက်ကြသည့် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ Rear Admiral Zhang Wendan သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာယဲ့တာပို နှင့် တာဝန်ရှိသူများ၊ တပ်မတော်ရေမှ အရာရှိ၊ အရာခံ အကြပ်စစ်သည်များနှင့် ကြိုဆို နှုတ်ဆက်ကြသူများအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် Rear Admiral Zhang Wendan၊ သံအမတ်ကြီး မစ္စတာ ယဲ့တာပို၊ စစ်သံမှူး Senior Colonel Gao Tiejun နှင့် တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် စစ်ရေယာဉ်အမှတ် (၅၆၈) ဖရီးဂိတ်သင်္ဘော Chaohu သည် ညနေ ၅ နာရီခွဲတွင် သီလဝါဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။

**လေ့လာလည်ပတ်**

အဆိုပါ စစ်ရေယာဉ် နှစ်စင်းသည် ရန်ကုန်မြို့၌ စက်တင်ဘာ ၂ ရက်အထိ ရှိနေမည်ဖြစ်ပြီး နှစ်နိုင်ငံရေတပ်အချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုရှိရေးအတွက် လေ့လာ လည်ပတ်မှုများ ပြုလုပ်သွားကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်တာဝန်တပ်ဖွဲ့မှ စစ်ရေယာဉ်နှစ်စင်း သန်လျင်မြို့နယ် သီလဝါရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ ရောက်ရှိစဉ်။ (သတင်းစဉ်)




# ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း သန်လျင်မြို့နယ်၌ဖွင့်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား လုပ်ငန်းသင်တန်းဖွင့်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက သန်လျင်မြို့ သာသနာ့ဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးချစ်ညွန့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နုနုကြည်က ဥပဒေ၊ နည်းဥပဒေများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက မဲရုံမှူးများ လိုက်နာဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း ဆွေးနွေးပို့ချကြသည်။ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြပြီး မဲရုံလုပ်ငန်း သရုပ်ပြခြင်းကို ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**





## မြန်မာ့ရုပ်မြင်သံကြား

၃၁-၈-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချို့အေးမင်္ဂလာတေး
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၅ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ **တက္ကစီမီတာသင်လိုရာ**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ Local Talent

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၄:၂၀ ၃။ အတီးပြိုင်ပွဲ
၄:၃၅ ၄။ တေးဂီတအစီအစဉ်
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၇။ **ကျန်းမာသန့်ထွား ဉာဏ်မြင့်မား**
၅:၃၅ ၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၂။ ဆိုလိုက်ကြစို့
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ...ကိုယ့်ချစ်သူ** (အပိုင်း-၁၃)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၈။ **ဘဝကိုယ်စီ အလှကိုယ်စီ** (ဝင်းဝင်းအောင်-မြို့မ၊ သရုပ်ဆောင်-ပပဝင်းခင်၊ တေးရေး- ကိုရွှန်းမြိုင်-မြို့မ)
၁၉။ **ရယ်စရာဟာသများ**
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ) (အပိုင်း-၂၃)
၂၁။ ရုပ်ရှင်ပဟေဠိ
၂၂။ အစီအစဉ်ပြီး၏။

# အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအကြီးဆုံး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ

## တရုတ်နိုင်ငံမှတည်ဆောက်ဖွင့်လှစ်

ဒိုဘာလိတ်(အင်ဒိုနီးရှား) သြဂုတ် ၃၀

**တရုတ်နိုင်ငံရှိ အကြီးဆုံးရေအားလျှပ်စစ်ကုမ္ပဏီဖြစ်သော ဟွာဒီယန်အုပ်စုက အင်ဒိုနီးရှားနိုင်ငံ ဆူမတြားပြည်နယ်မြောက်ပိုင်း၌ အဆာဟမ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ပေးခဲ့ရာ သြဂုတ် ၃၀ ရက်က ဖွင့်လှစ်ပေးလိုက်သည်။**

### ပြောကြား

အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းမှာ အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံတို့အကြား ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းများပင် ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

### ဒုတိယ

ယင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို တရုတ်ကုမ္ပဏီက ၄၁လဖြင့် အပြီး တည်ဆောက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအကြီးဆုံး ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံဖြစ်ကြောင်း သိရသည်။

၎င်းဓာတ်အားပေးစက်ရုံတွင် ၉၀ မဂ္ဂါဝပ်စီရှိ အင်ဂျင်နှစ်လုံးတပ်ဆင်ထားသည်။

### တက်ရောက်

ယင်းဖွင့်ပွဲ အခမ်းအနားသို့ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ တာဝန်ရှိသူများအပါအဝင် လူပေါင်း ၂၀၀ကျော် တက်ရောက်ခဲ့ကြသည်။

### ဖန်တီး

၎င်းဓာတ်အားပေးစက်ရုံကို တည်ဆောက်ခဲ့ရာတွင် အမေရိကန်ဒေါ်လာ ၂၄၇ သန်း ကုန်ကျခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၁၀၀ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**



တရုတ်နိုင်ငံ ဟူဘေးပြည်နယ်မြောက်ပိုင်း ရှီဂျီယာဟောင်မြို့လေယာဉ်စခန်း၌ ဝေဟင်နှင့်ရေပြင်နှစ်မျိုးစလုံးတွင် မောင်းနှင်အသုံးပြုနိုင်သော လေယာဉ်ငယ်တစ်စင်းကို သြဂုတ် ၃၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# နိုင်ဂျီးရီးယားမြောက်ပိုင်း၌ ခဲဆိပ်သင့်၍ ကလေးများသေဆုံး

အဘူဂျာ သြဂုတ် ၃၀

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း၌ လွန်ခဲ့သောနှစ်ပတ်ကျော်က ကလေး ၃၀ထက်မနည်း ခဲဆိပ်သင့်သေဆုံးခဲ့ရကြောင်း သြဂုတ် ၂၉ရက်က သတင်း၌ဖော်ပြသည်။

### ပြောကြား

ဇမ်ဖာရာပြည်နယ်အတွင်း ယခုနှစ်အတွင်း ကလေးအများစု သေဆုံးရခြင်းမှာ တရားမဝင် ရွှေတွင်းမိုင်းများတူးဖော်ရာမှ ညစ်ညမ်းခဲဆိပ်ရေများကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ နောက်ဆုံးသေဆုံးခဲ့ရသော ကလေးငယ်များမှာ အန်ကာမြို့အနီး ကျေးရွာတစ်ရွာမှဖြစ်ကြောင်း၊ ၎င်းဒေသ၌ ဖွန်လနောက်ပိုင်းတွင် ခဲဆိပ်သင့်မှုကြောင့် အနည်းဆုံးလူ ၁၆၀ သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**(အင်တာနက်)**

# မက္ကဆီကိုတောင်ပိုင်းတွင် ရေဘေးကာကွယ်ရန် ပြည်သူ ၇၀၀၀ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

**မက္ကဆီကိုစီးတီး သြဂုတ် ၃၀**

မက္ကဆီကိုနိုင်ငံတောင်ပိုင်းတွင် ပြည်သူ ၇၀၀၀ခန့်အား ရေဘေးမှ ကာကွယ်ရန် ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းထားကြောင်း၊ ဂရီဂျာဘာ မြစ်ရေလျှံခြင်း မဖြစ်စေရေးအတွက် တူးမြောင်းများ တူးဖော်ရန် အသင့်ပြင်ထားရန်ဖြစ်ကြောင်း တာဘတ်စ်ကို ပြည်နယ်ရှိ မက္ကဆီကို ကမ်းခြေစောင့် အာဏာပိုင်အဖွဲ့က သြဂုတ် ၃၀ရက်တွင် ပြောကြားလိုက်သည်။

မက္ကဆီကိုနိုင်ငံအတွင်း ရက်သတ္တတစ်ပတ်တိုင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံတစ်ဝန်းရှိ မြစ်ပေါင်းဒါဇင်ဝက်ခန့် မြစ်ရေလျှံခဲ့ပြီး မြို့ပေါင်း ၂၀၀ခန့်ရှိ ပြည်သူ ၆၀၀၀၀ခန့်မှာ ရေကြီးမှုဒဏ်ကို ခံစားနေရကြောင်း၊ နေအိမ်များနှင့် ကောက်ပဲသီးနှံများလည်း ရေဖုံးလွှမ်းသွားကြောင်း သိရသည်။ **(အောက်ပုံ)**

မက္ကဆီကိုအစိုးရက တာဘတ်စ်ကိုမြို့တွင် အရေးပေါ်သတိပေးချက်များ ထုတ်ပြန်ထားကြောင်း၊ အရေးပေါ် ရန်ပုံငွေများ သုံးစွဲရန်လည်း စီစဉ်ထားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**



# နေတိုးထောက်ပံ့ရေးယာဉ်တန်း ပါကစ္စတန်၌ တိုက်ခိုက်ခံရ

*အစ္စလမ္မာဘတ် သြဂုတ် ၃၀*

*ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပါကစ္စတန်- အာဖဂန် နယ်စပ်ဒေသရှိ တော်ဟမ်ဒေသအနီး၌ သြဂုတ် ၂၉ရက်က နေတိုးထောက်ပံ့ရေး လောင်စာဆီတင်ယာဉ်တန်း တိုက်ခိုက်ခံရသဖြင့် လောင်စာဆီတင်ယာဉ်လေးစီး ပျက်စီးသွားကြောင်း ဒေသဆိုင်ရာမီဒီယာက သတင်းထုတ်ပြန်သည်။*

*ပျက်စီး*

*ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးဒဏ်ရာရရှိမှု အခြေအနေကို သတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း၊ ပါကစ္စတန်လူမျိုးစုဒေသရှိ ခိုင်ဘာအေဂျင်စီက နေတိုးယာဉ်တန်းကို လက်နက်ကြီးဖြင့်ပစ်ခတ်ခံရသဖြင့် လောင်စာဆီတင်ယာဉ်လေးစီး ပျက်စီးခဲ့သည်ဟု ပြောကြားသည်။*

*အမ်အင်န်အေ၊ ဆင်ဟွာ*



တရုတ်နိုင်ငံ အလယ်ပိုင်း ဟူဘေး ပြည်နယ် ယိချန် ဒေသရှိ မြစ်ကျဉ်း သုံးသွယ် ရေလှောင်တမံကြီးအနီးတွင် မီးဘေး ကြိုတင်ကာကွယ် ရေးအတွက် မီးသတ်ယာဉ်များဖြင့် တိုက်ရိုက် လေ့ကျင့်လျက် ရှိသည်ကို သြဂုတ် ၃၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# ဇစ်ခေါင်းပုံမော်တော်ဘုတ်

ဂျပန်သိပ္ပံပညာရှင် ယာဆူဟီရိုဆူဇူကီးက ဇစ်ခေါင်းပုံသဏ္ဌာန် မော်တော်ဘုတ်ကို တီထွင်လိုက်ရာ သြဂုတ် ၃၀ရက်က စမ်းသပ်မောင်းနှင်ပြသနေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# ရေဘေးဒဏ်ခံရသည့် ပါကစ္စတန်သို့ ဂါဇာမှထောက်ပံ့ရေး သင်္ဘောစေလွှတ်

ဂါဇာ သြဂုတ် ၃၀

ပါကစ္စတန်နိုင်ငံ၌ ရေလွှမ်းမိုးမှုဒဏ်ခံစားနေရသည့် ပြည်သူသန်း ၂၀အား လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအစီအစဉ်အရ ဂါဇာမှ ထောက်ပံ့ရေးသင်္ဘောတစ်စင်းစေလွှတ်သည်ဟု သြဂုတ် ၂၉ရက်တွင် အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

### ထောက်ပံ့

သဘာဝဘေးဒဏ် ဆိုးရွားစွာခံစားခဲ့ရသည့် ပါကစ္စတန်နိုင်ငံအတွက် အဆိုပါသင်္ဘောပေါ်တွင် တန်ချိန် ၃၀၀၀ခန့်ပါဝင်သည့် ဆေးဝါးပစ္စည်းများ၊ အစားအစာ၊ ရွက်ဖျင်တဲများနှင့် လျှပ်စစ်ဓာတ်အားပေးစက်များ ပါရှိမည်ဖြစ်ပြီး ရေဘေးကြုံတွေ့လျက်ရှိသည့် ဒေသများသို့ ထောက်ပံ့ပေးပို့မည်ဖြစ်သည်ဟု တူရကီနိုင်ငံအခြေစိုက် အိုင်အိတ်ချ်အိတ်ချ်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

**(အင်တာနက်)**

# အီကွေဒေါ၌ ဘတ်စ်ကားချောက်ထဲထိုးကျ အနည်းဆုံး ၃၆ဦးသေဆုံး

ကွီတို သြဂုတ် ၃၀

အီကွေဒေါနိုင်ငံတွင် သြဂုတ် ၂၉ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီး ချောက်ထဲသို့ ထိုးကျသွားခဲ့ရာ အနည်းဆုံး ၃၆ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါဖြစ်စဉ်မှာ ကွီတိုမြို့တောင်ဘက် ၅၅မိုင်အကွာ လာဒီလီစီကာအရပ်၌ ဒေသစံတော်ချိန် နံနက် ၃နာရီ မိနစ် ၂၀က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းဘတ်စ်ကားသည် ကူရင်ကာမြို့မှ ကွီတိုမြို့သို့အသွား ချောက်ထဲသို့ ပြုတ်ကျသွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# ရုရှားလေယာဉ်မှူးနှစ်ဦး ဒါဖာဒေသ၌ ပြန်ပေးဆွဲခံရ

ခါတွန် သြဂုတ် ၃၀

ရုရှားလေယာဉ်မှူးနှစ်ဦးအား သြဂုတ်၂၉ရက်က ဒါဖာဒေသ ညာလာမြို့မှ ပြန်ပေးဆွဲသွားခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ပြောကြားသည်။

### ခေါ်ယူ

အဆိုပါ ရုရှားနိုင်ငံသားနှစ်ဦးသည် ဆူဒန်နိုင်ငံ ဒါဖာဒေသရှိ ဆူဒန်ဘာဒါ လေကြောင်းလိုင်းတွင် အလုပ်လုပ်ကိုင်နေကြသူများဖြစ်ပြီး သြဂုတ် ၂၉ရက် မွန်းလွဲပိုင်းက ပြန်ပေးသမားများ ခေါ်ယူသွားခဲ့ကြောင်း ဆူဒန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းမြို့သည် ဒါဖာဒေသ၏ အကြီးဆုံးမြို့ဖြစ်ပြီး နိုင်ငံခြား အကူအညီပေးရေးအဖွဲ့များ အများဆုံးနေထိုင်ရာမြို့ဖြစ်သည်။

**အမ်အင်န်အေ၊ရိုက်တာ**



# လူလိုက်ပါသည့် အာကာသခရီးစဉ်

## ၂၀၁၈ခုနှစ်တွင် ရုရှားလွှတ်တင်မည်

*ပေကျင်း သြဂုတ် ၃၀*

*၂၀၁၈ခုနှစ်တွင် ရုရှား၌ လူလိုက်ပါသည့် အာကာသယာဉ်လွှတ်တင်ရေးအတွက် ဖားအိစ်အာကာသစခန်းသစ် ဖွင့်လှစ်မည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က သြဂုတ် ၂၉ရက်တွင် ထုတ်ဖော်ပြောကြားသည်။*

*ပြသ*

*အဆိုပါ အာကာသစခန်းသစ် တည်ဆောက်မှုစီမံကိန်းသည် ရုရှားနိုင်ငံ၏ နည်းပညာအဆင့်အတန်း ၊ အတတ်ပညာအခွင့်အလမ်း၊ အရင်းအမြစ်စွမ်းရည်များကို ဖော်ထုတ်ပြသခြင်းပင်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။*

*ဖွင့်လှစ်*

*လက်ရှိတွင် မော်စကိုမြို့အရှေ့ပိုင်း ကီလိုမီတာ ၅၀၀ခန့်အကွာရှိ ကာဇက်စတန်နိုင်ငံ၌ ဘိုင်ကိုနော့ဗ်အာကာသစခန်းကို ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။*

*(အင်တာနက်)*

# မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

➢ အာကာကျော်-စုစည်းသည် ➣

## ဟာရီကိန်းမုန်တိုင်း ကုန်းတွင်းပိုင်းဝင်ရောက်

**ဆန်ဂျွမ်း(ပွာတိုရီကို) ဩဂုတ် ၃၀**

*ဟာရီကိန်းမုန်တိုင်းအားလ်သည် မုန်တိုင်းအဆင့်(၃)သို့ ရောက်ရှိလာပြီးနောက် ကူလီဘရာနှင့် ဗီကွတ်စ်ကျွန်းများသို့ ဩဂုတ် ၃၀ရက် နံနက်ပိုင်းက မိုးသက်လေပြင်းများနှင့်အတူ ဝင်ရောက်ခဲ့ကြောင်း မီယာမီရှိ အမေရိကန်ဟာရီကိန်းဌာနက ကြေညာသည်။ အဆိုပါ မုန်တိုင်းသည် ကာရေဘီယံဒေသ အရှေ့မြောက်ပိုင်းဒေသသို့ ဝင်ရောက်ခဲ့ပြီး လီဝက်စ်ကျွန်း မြေနိမ့်ပိုင်း၌ ရေကြီးမှုများ စတင်ဖြစ်ပွားလျက်ရှိကြောင်း၊ ၎င်းမုန်တိုင်းသည် စိန့်သောမတ်ကျွန်း အရှေ့မြောက်ဘက် ၉၅မိုင်အကွာတွင် တည်ရှိနေပြီး အနောက်မြောက်ဘက်ဆီသို့ တစ်နာရီ ၁၅မိုင်နှုန်းဖြင့် ရွေ့လျားနေကြောင်း ဟာရီကိန်းဌာနက ပြောကြားသည်။* **(အောက်ပုံ)**

**(အင်တာနက်)**



## အာဖဂန်တောင်ပိုင်း လမ်းဘေးဗုံးများကြောင့် ကန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံး

*ကာဘူးလ် ဩဂုတ် ၃၀*

***အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ဩဂုတ် ၃၀ရက်က အမေရိကန်တပ်ဖွဲ့ဝင်ခုနစ်ဦး လမ်းဘေးဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရကြောင်း နေတိုးအဖွဲ့က ပြောကြားသည်။***

***အဆိုပါ လမ်းဘေးဗုံးပေါက်ကွဲမှုများမှာ ကန္ဒါဟာမြို့၌ သီးခြားစီ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၊ အာဖဂန်အရှေ့ပိုင်းနှင့် တောင်ပိုင်း၌ လွန်ခဲ့သော သုံးရက်အတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၄ဦးအထိ သေဆုံးခဲ့ရကြောင်း နေတိုးအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။***

*(အင်တာနက်)*

## ပင့်ကူလူသား ဆစ်ဒနီမိုးမျှော်တိုက်ခေါင်မိုးပေါ်၌ အဖမ်းခံရ

**ဆစ်ဒနီ ဩဂုတ် ၃၀**

*ပင့်ကူလူသားဟုလူသိများသည့် ပြင်သစ် အမြင့်တက်သမားတစ်ဦးသည် ဩဂုတ် ၃၀ရက်က ၅၇ထပ်ရှိပြီး အမြင့် ၄၉၂ပေရှိသော ဆစ်ဒနီမိုးမျှော်တိုက် ခေါင်မိုးပေါ်သို့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု သတိမူရေးလှုံ့ဆော်သည့်အနေဖြင့် ကြိုးမပါဘဲ ကုပ်ဖက်တက်ခဲ့ပြီးနောက် ခေါင်မိုးပေါ် အရောက်တွင် ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။ အလိန်းရောဘတ်အမည်ရှိ ပင့်ကူလူသားသည် ဆစ်ဒနီမြို့လယ်ရှိ အဆိုပါ အဆောက်အအုံ၏ နံရံကို တွယ်ကပ်၍ ၂၅မိနစ်အတွင်း ခေါင်မိုးပေါ် အရောက် တက်နိုင်ခဲ့သည်။ အသက် ၄၈နှစ်ရှိ ရောဘတ်သည် ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံ အတော်များများကို ကြိုးမပါဘဲ တက်ခဲ့ဖူးသူဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ဆစ်ဒနီရှိ ကဇာတ်ရုံခေါင်မိုးပေါ်သို့ ခွင့်ပြုချက်မရဘဲ တက်ရောက်ခဲ့သည့်အတွက် ဒေါ်လာ ၇၅၀ ဒဏ်ရိုက်ခံရသည်။* **(ယာပုံ) (အင်တာနက်)**



## မက္ကဆီကို အကြမ်းဖက်ဒေသ၌ မြို့တော်ဝန်အသတ်ခံရ

*မက္ကဆီကိုစီးတီး ဩဂုတ် ၃၀*

***မကြာမီက ပြောင်းရွှေ့နေထိုင်သူများ၏ အလောင်း ၇၂လောင်း တွေ့ခဲ့သည့် တာမောလီပတ်ပြည်နယ်၌ ဟိုက်ဒယ်ဂို မြို့တော်ဝန်သည် သေနတ်သမားများလက်ချက်ဖြင့် ဩဂုတ် ၃၀ရက်က သေဆုံးခဲ့ရကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားသည်။***

***မြို့တော်ဝန် မာကိုအင်တိုနီယိုလီရယ်ဂါစီယာသည် ယင်းဒေသ၌ လွန်ခဲ့သည့် နှစ်ပတ်အတွင်း အသတ်ခံရသည့် ဒုတိယမြောက် မြို့တော်ဝန်ဖြစ်သည်။***

***ထိုဒေသသည် မက္ကဆီကိုပင်လယ်ကွေ့နှင့် ဇီးတက်စ်တိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ရာ စစ်မြေပြင်လည်းဖြစ်လာသည်။ ဇီးတက်စ်လက်နက်ကိုင်အဖွဲ့က မကြာမီက မက္ကဆီကိုမြောက်ပိုင်းတွင် ပြောင်းရွှေ့လာသူ ၇၂ ဦးအား သတ်ဖြတ်ခဲ့ကြသည်။***

*(အင်တာနက်)*

## လိုင်းယွန်းရော့မုန်တိုင်း တရုတ်တောင်ပိုင်း၌ရွေ့လျား

**ပေကျင်း ဩဂုတ် ၃၀**

*အပူပိုင်းမုန်တိုင်း လိုင်းယွန်းရော့သည် ဩဂုတ် ၃၀ရက်က ဆက်လက်အားကောင်းလာပြီး တရုတ်တောင်ပိုင်းသို့ ရွေ့လျားလျက်ရှိရာ မိုးသက်လေပြင်းများကျရောက်ကာ မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း နိုင်ငံပိုင်မိုးလေဝသအေဂျင်စီက ကြေညာသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းသည် ဩဂုတ် ၂၉ရက်က တောင်တရုတ်ပင်လယ်၌ စတင်ဖြစ်ပေါ်လျက်ရှိရာ ၎င်းသည် အရှေ့မြောက်ဘက်သို့ တစ်နာရီလျှင် ၁၀ကီလိုမီတာနှုန်းဖြင့် ရွေ့လျားလျက်ရှိသည်။ ၎င်းမုန်တိုင်းသည် ဩဂုတ် ၂၉ရက် နံနက် ၁၁နာရီက ဂွမ်ဒေါင်းပြည်နယ် ရှန်တုန်းမြို့ တောင်ဘက် ကီလိုမီတာ ၄၁၀ အကွာတွင် ဗဟိုပြုလျက်ရှိသည်။*

**အမ်အင်န်အေ၊ ဆင်ဟွာ**



## အာရှသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာနမှ ဧည့်သည်အဖွဲ့ ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား လာရောက်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၀**

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဉာဏ်ထွန်းအောင်အား ထိုင်းနိုင်ငံအခြေစိုက် အာရှသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာန(ADPC)မှ Executive Director Dr. Bhichit Rattakul နှင့် အဖွဲ့သည် ဩဂုတ်၂၄ရက် နံနက် ၁၀နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

## ထူးချွန်ကျောင်းသား ကျောင်းသူများအား မရမ်းကုန်း အထက(၄)၌ ဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက်ကကြီးမှူး၍ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မရမ်းကုန်းမြို့နယ် ဆရာ ဆရာမ ပညာရေးဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ရက် နံနက်က အထက(၄) မရမ်းကုန်း သပြေခန်းမ၌ ကျင်းပရာ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဒါရိုက်တာအဖွဲ့ဝင်များက တစ်ဘာသာမှ ခြောက်ဘာသာအထိ ဂုဏ်ထူးရရှိသူ ကျောင်းသားကျောင်းသူ ၂၁ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**(ယာပုံ)**

### ပေးအပ်ချီးမြှင့်

ထို့နောက် မရမ်းကုန်းမြို့နယ် ပညာရေး ဝန်ထမ်းများ သမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပရာ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းအေး၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်ငွေ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပုလဲတင်တို့က အမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်အုန်းက ဖတ်ကြားတင်သွင်း၍ အတည်ပြုချက် ရယူသည်။ ဆက်လက်၍ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌက အကျိုးအမြတ်ငွေကို အသင်းသားများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၁၁၁)**



## (၂၂)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၃၀**

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာန မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က ကြီးကြပ်၍ (၂၂)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို စက်တင်ဘာ ၇ရက်မှ ၁၂ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် သက်ဆိုင်ရာ ကစားကွင်းများ၌ ကျင်းပမည်ဖြစ်သည်။

စက်တင်ဘာ ၇ရက်နှင့် ၈ရက်တို့တွင် ပြေးခုန်ပစ် ပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ကွင်း၌ လည်းကောင်း၊ စက်တင်ဘာ ၉ရက်တွင် ရေကူးပြိုင်ပွဲကို အမျိုးသားရေကူးကန်နှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို စားပွဲတင်တင်းနစ် အဖွဲ့ချုပ်၌ လည်းကောင်း၊ စက်တင်ဘာ ၁၀ရက်တွင် ထိုင်လျက်ဘော်လီဘောပြိုင်ပွဲကို အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ လည်းကောင်း၊ စက်တင်ဘာ ၁၁ရက်တွင် ကြက်တောင်ရိုက် ပြိုင်ပွဲကို အမျိုးသား ကြက်တောင်ရုံသစ်၌ လည်းကောင်း၊ စက်တင်ဘာ ၁၂ရက်တွင် မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို တပ်မတော်ကွင်း၌ လည်းကောင်း၊ စက်တင်ဘာ ၉ရက်မှ ၁၁ရက်ထိ မျက်မမြင် စစ်တုရင်ပြိုင်ပွဲကို စစ်တုရင်အဖွဲ့ချုပ် ရုံးခန်း၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

### ဆက်သွယ်သတင်းပို့

ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အကြောင်းကြားစာများကို ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ မသန်စွမ်း အဖွဲ့အစည်းများသို့ ပေးပို့ထားကြောင်းနှင့် ပြိုင်ပွဲဝင် အမည်စာရင်းများကို အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၃၈၂၄၅၅သို့ စက်တင်ဘာ ၅ရက်အရောက် ဆက်သွယ်သတင်းပို့ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်တော်သာကျေးရွာ စက်ရေတွင်း ပြုပြင်ပြီးစီးမှုကို ဇူလိုင် ၃၁ရက်က အမှုဆောင်အရာရှိ ဦးမျိုးသိန်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်မင်းထွန်း ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



# ပြည်ပမှ စိုက်ပျိုးရေးဒီပလိုမာသင်ကြားလေ့လာခဲ့သူများအား

## လယ်/ဆည် ဝန်ကြီး ဦးဌေးဦး တွေ့ဆုံမှာကြား

**နေပြည်တော် ဩဂုတ် ၃၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးသည် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ အစ္စရေးနိုင်ငံ၌ စိုက်ပျိုးရေးဒီပလိုမာ စာတွေ့၊ လက်တွေ့ လေ့လာပြီး ပြန်လည်ရောက်ရှိလာကြသောအဖွဲ့အား ဩဂုတ် ၂၇ ရက် ညနေ ၄ နာရီခွဲက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ တွေ့ဆုံသည်။

**မှာကြား**

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးက သင်တန်းမှ လေ့လာရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာတို့ဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ကြရန်မှာကြားသည်။ **(ဝဲအပေါ်ပုံ)**

**ရှင်းလင်းတင်ပြ**

ထို့နောက် သင်တန်းတက်ရောက်ခဲ့ကြသော သင်တန်းသားနှင့် သင်တန်းသူ တစ်ဦးစီတို့က လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

အစ္စရေးနိုင်ငံ AICAT သင်တန်းဌာနသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေး တက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံ ကျောင်းဆင်းသင်တန်းသားများ စုစုပေါင်း၄၅ဦးတို့သည် စိုက်ပျိုးရေးဒီပလိုမာကို ၁၀လကြာ သင်ကြားလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃၁-၈-၂၀၁၀**

**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ မေတ္တသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **တရားကိုသာအားကိုးပါ** တရားတော် (ဆရာတော်အရှင်ဩဘာသသိရီ)
၆:၄၅ ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၄)
၈:၃၀ Sports World
၈:၅၅ Activities in the City (တိပိဋကဂန္ထဝင်နိကာယ် ကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ)
၉:၁၀ ပန်းချီပညာရှင်နှင့်ဝါသနာရှင်တို့၏ ရောင်စုံခံစားချက်ပန်းချီကားများ
၉:၂၅ မြစ်အားလုံး၏ဆုံရာ မဟာသမုဒ္ဒရာ
၉:၄၅ Cartoon Show Time (MICKEY'S MESSAGE from MARS)
၁၀:၁၅ ရန်ကုန်မြင်ကွင်းကျယ် (City & Guilds Vocational Education Fair 2010 ပြပွဲနှင့် ပတ်သက်၍စာနယ်ဇင်းမိတ်ဆက်ပွဲ)
၁၀:၂၅ **အမုန်းချစ်မှ အချစ်မုန်း** ဖြိုးငွေစိုး၊ မေနန်းခေါင်၊ ထက်ရှား၊ ဒေါ်အိအိစိုး (ဒါရိုက်တာ-ကြည်စိုး)
၁၀:၃၀ ဟိုတယ်လမ်းညွှန် (Silver Swan)
၁၀:၅၀ ပေတောမှပန်းကလေးများ တင့်ရှန်းဝေသာယာစေဖို့ ပက်ဖျန်းပေးမယ့်မိုးစက်ရေ
၁၁:၀၅ Sports Diary
၁၁:၃၀ Parkway Health ၏ ကင်ဆာရောဂါများအကြောင်း သိကောင်းစရာများ (ဓာတ်ရောင်ခြည်ကုထုံးများနှင့် ပတ်သက်ပြီးဆွေးနွေးခြင်း)
၁၂:၀၅ ကေတုမတီ(တောင်ငူ)မြို့တည် နန်းတည်နှစ်(၅၀၀)ပြည့်ပွဲတော် အထိမ်းအမှတ်သုတေသနစာတမ်း ဖတ်ပွဲအခမ်းအနား
၁၂:၃၅ မြန်မာစာ မြန်မာစကား
၁:၀၀ **တရားကိုသာအားကိုးပါ** တရားတော် (ဆရာတော်အရှင်ဩဘာသသိရီ)
၁:၄၅ ကပ်လှူပူဇော် ကုသိုလ်ယူမယ် ဆံတော်ရှင်ကျိုက်သုတ်စေတီတော်ဝယ်
၂:၀၀ MRTV-4 သတင်း
၂:၄၅ World of Knowledge (World Cyber Games)
၃:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၄)
၄:၂၀ မူပိုင်ကိုယ်စီ တေးကိုသီ
၄:၃၀ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်း
၄:၄၅ မြစ်အားလုံး၏ဆုံရာ မဟာသမုဒ္ဒရာ
၅:၁၀ ပန်းချီပညာရှင်နှင့် ဝါသနာရှင်တို့၏ ရောင်စုံခံစားချက်ပန်းချီကားများ
၅:၂၅ Shooting Making **(အချစ်ကိုအမုန်းနဲ့မြှောက်တော့ အလွမ်းပေါ့ကိုကိုရယ်)**
၅:၄၅ Celebrity Style (ပုလဲဝင်းနှင့်တွေ့ဆုံခြင်း)
၆:၀၀ MRTV-4 သတင်း
၆:၂၀ Cartoon Show Time (MICKEY'S MESSAGE from MARS)
၆:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Navitas' International Education Exhibition)
၇:၀၅ သင်ကြားရေးလမ်းညွှန် (M3WI IT နည်းပညာ သင်တန်းကျောင်း)
၇:၂၅ ဂီတသရုပ်ပြခန်း (ပို့ပို့-ချစ်လို့)
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (City & Guilds Vocational Education Fair 2010 ပြပွဲနှင့် ပတ်သက်၍ စာနယ်ဇင်းမိတ်ဆက်ပွဲ)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ကေတုမတီ(တောင်ငူ)မြို့တည် နန်းတည်နှစ်(၅၀၀)ပြည့်ပွဲတော် အထိမ်းအမှတ်သုတေသနစာတမ်း ဖတ်ပွဲအခမ်းအနား
၉:၀၀ ဟိုတယ်လမ်းညွှန် (Silver Swan)
၉:၁၅ Celebrity Style (ပုလဲဝင်းနှင့်တွေ့ဆုံခြင်း)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၄)
၁၀:၀၀ Sunday Talk
၁၀:၅၅ ရန်ကုန်မြင်ကွင်းကျယ် (Navitas' International Education Exhibition)
၁၁:၁၀ Activities in the City (တိပိဋကဂန္ထဝင်နိကာယ် ကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ)
၁၁:၃၀ ပေတောမှပန်းကလေးများ တင့်ရှန်းဝေသာယာစေဖို့ ပက်ဖျန်းပေးမယ့်မိုးစက်ရေ
၁၁:၄၀ မေတ္တာသည်သာတတ်စွမ်းနိုင်တာ
၁၁:၅၅ ရွှေတောင်မြို့မှ စည်းလုံးချည်
၁၂:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### ဂုဏ်ပြုဆုချီးမြှင့်

သန်လျင်အထက(၂) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၈ရက်က ရတနာခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးရရှိသော မောင်ရာဇာမိုးလွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသွယ်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၈၄)



# တက္ကသိုလ်/ဒီဂရီ ကောလိပ်ပေါင်းစုံ ဇုန်အလိုက်ဘော်လီဘောပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများ တက္ကသိုလ်/ဒီဂရီ ကောလိပ်ပေါင်းစုံ ဇုန်အလိုက်ဘော်လီဘောပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ဗထူး အားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် မကွေးဇုန်အသင်းနှင့် ရန်ကုန်(၁)ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီးနောက် မကွေးဇုန်အသင်းက သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိကာ တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာသက်ထွန်းအောင်က ပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဒိုင်လူကြီးများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ယင်းနောက် မကွေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်ဒေါက်တာအေးကျော်က ဒုတိယဆုရ ရန်ကုန်(၁)ဇုန်အသင်းမှ အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ မန္တလေး အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဦးမောင်မောင်ခင်က ပထမဆုရ မကွေးဇုန်အသင်းမှ အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ ကျောက်ဆည်တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာမြင့်လွင်က အကောင်းဆုံး ရိုက်အားရှင်ဆုရ မကွေးဇုန်အသင်းမှ မောင်အောင်ချင်း၊ အကောင်းဆုံး ပင့်ထောင်သူဆုရ မန္တလေးဇုန်အသင်းမှ မောင်ဖြိုးလွင်ဦးနှင့် အကောင်းဆုံးဆယ်မသူဆုရ တောင်ကြီးဇုန်အသင်းမှ မောင်မောင်သန်းတို့အားလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ရတနာပုံတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အကောင်းဆုံးစပေးဘောဆုရ မန္တလေးဇုန်အသင်းမှ မောင်ဇင်မိုး၊ အကောင်းဆုံးအကာဆုရ ရန်ကုန်(၁) ဇုန်အသင်းမှ မောင်ဖြိုးသူအောင်နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရ မကွေးဇုန်အသင်းမှ မောင်အောင်ချင်းတို့အားလည်းကောင်း ဆုတံဆိပ်များ အသီးသီး ချီးမြှင့်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေက ဒုတိယဆုရ ရန်ကုန်(၁)ဇုန်အသင်းအား ငွေသားဆုနှင့် တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းက ပထမ တံခွန်စိုက်ဖလားဆုရ မကွေးဇုန်အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုတို့ကို ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေကောက်ပွဲလုပ်ငန်း သရုပ်ပြရှင်းလင်းပွဲ

## လှိုင်ကော်မြို့နယ်၌ ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် ရွှေကောက်ပွဲလုပ်ငန်း သရုပ်ပြ ရှင်းလင်းပွဲကို ဩဂုတ် ၂၉ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့နယ် မင်းစုရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ စိတ်ဝင်စားသူပြည်သူစုစုပေါင်း ၄၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါ သရုပ်ပြရှင်းလင်းပွဲသို့ ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များ၊ လှိုင်ကော်ခရိုင်နှင့် မြို့နယ်တို့မှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက မဲပေးရမည့် လုပ်ငန်းအဆင့်ဆင့်ကို သရုပ်ပြရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပဲခူးတိုင်းဒေသကြီး သက္ကလစံပြကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် အဝီစိတွင်းတူးဖော်ရန် ဩဂုတ် ၂၈ရက်က မြောက်ဥက္ကလာပမြို့နယ် (ရှ) ရပ်ကွက်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း- မမိုးပြည့်ပြည့်ဖြိုး၊ မြေး -မောင်ကျော်ကိုကိုဆက်နိုင်(မုံရွာဆရာမိုးရှောက်တစ်လုံး ဝမ်းမှန်ဆေးမိသားစု) တို့က အဝီစိတွင်းတူးဖော်ရန် အလှူငွေကျပ်ငါးသိန်းကို အကျိုးတော်ဆောင် ဦးမြသောင်းထံ ပေးအပ်လှူဒါန်းစဉ်။** (၁၁၈)



**ရန်ကုန် ဩဂုတ် ၃၀**

# အာဟာရရက်သတ္တပတ်လှုပ်ရှားမှု အင်းစိန်အလက(၁)၌ကျင်းပ

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအဖြစ်ဩဂုတ်၁၄ရက် နံနက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဦး၊တည်းကုန်းကုန်စိမ်းဈေး သာယာလှပရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သောင်း (အောင်မြင့်သောင်း-ဘူမိဗေဒ)နှင့် မိဘဆရာအသင်း အမှုဆောင်များ၊ စေတနာရှင်များစုပေါင်း၍ တစ်ကျောင်းလုံးရှိ သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသားကျောင်းသူများအား အာဟာရကျွေးမွေးကြသည်။



အခမ်းအနားသို့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဦးစိုးဝင်း(သတင်းထောက် စဉ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးစောဩဂုတ်စတင်း၊ အလှူရှင်များ၊ အင်းစိန် အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်း၊ အလက(၃)ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းယုစံ၊ အလက(၄) ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား ကျောင်းသူများအား နံနက်စာ အာဟာရကျွေးမွေးကြသည်။ **(ဝဲပုံ)** **(၁၁၃)**

**ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာရေး နှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဖြူးမြို့ အမှတ်(၂) လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ဩဂုတ် ၁ ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးတင်အောင်ဌေး ကြီးကြပ်ဆောင်ရွက်စဉ်။**
(မြို့နယ်စည်ပင်)



# ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း စက်ရေတွင်းဖွင့်ပွဲအခမ်းအနား တက်ရောက်

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ဩဂုတ် ၂၈ရက် နံနက် ၇နာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်ရပ်ကွက် အောင်ချမ်းသာအိမ်ရာ၌ကျင်းပသည့် အားဖြည့်စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ကာ စက်ရေတွင်းကို ဖွင့်လှစ်ပေးပြီး ရေစတင်လွှတ်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် မြို့တော်ဝန်သည် ရေဂါလန် ၂၄၀၀၀ဆံ့ ရေလှောင်ကန်၊ Ground Tank များနှင့် တိုက်ခန်းနေအိမ်များသို့ ရေသွယ်ယူရရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** မရမ်းကုန်းမြို့နယ်ရှိ မြကျွန်းသာအပန်းဖြေဥယျာဉ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဘိုကလေး၌ သရုပ်ပြလေ့ကျင့်

**ဘိုကလေး ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဧရာရွှေဝါကုမ္ပဏီ၏ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်၌ မီးသတိပြုရေး စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြသပွဲကို ဩဂုတ် ၂၅ရက် နံနက် ၁၀နာရီက ဘိုကလေးမြို့ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ယင်းမီးသတိပြုရေး စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းသိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်အောင်မျိုးနှင့် အဖွဲ့ဝင်များက ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်တွင် စက်သုံးဆီသိုလှောင်မှု၊ ရောင်းချမှု၊ ဖြည့်တင်းမှုများတွင် လိုက်နာရမည့်အချက်များ၊ အရောင်းဆိုင် ဝန်ထမ်းများနှင့် လုံခြုံရေးဝန်ထမ်းများ လိုက်နာရမည့်အချက်များကို ဆွေးနွေးမှာကြား ကြည့်ရှုစစ်ဆေးရာ စက်သုံးဆီအရောင်းဆိုင် ကိုယ်စားလှယ် ဦးညိမ်းမောင်က မီးဘေးကာကွယ်ရေး ကြိုတင်ဆောင်ရွက်ထားသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘိုကလေးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းကို လက်တွေ့ သရုပ်ပြ လေ့ကျင့်ကြကြောင်း သိရသည်။ **(အောက်ပုံ)** (၁၄၂)



# သစ်ပင်စိုက်ပျိုးပွဲ ရွှေတောင်မြို့၌ ကျင်းပ

**ရွှေတောင် ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရွှေတောင်မြို့ ဆည်ကြီးကုန်းအုပ်စု စစ်မှုထမ်းဟောင်းအိမ်ရာတွင် ဇွန် ၂၆ရက် နံနက် ၈နာရီခွဲက သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပသည်။

**ဖြန့်ဝေ**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် **(အပေါ်ပုံ)**၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန်းတို့က လူမှုရေး အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများသို့ ပျိုးပင်များကို ဖြန့်ဝေပေးကြသည်။

**စိုက်ပျိုး**

ဆက်လက်၍ တက်ရောက်လာကြသူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြရာ အဆိုပါ ပျိုးပင်များကို ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်း၊ပြည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးဦးတင်ဝင်းတို့၏ကြီးကြပ်မှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင်၏ စီစဉ်ဆောင်ရွက်မှုတို့ဖြင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးဌာနမှူး ဦးဖိုးချိုနှင့် ဝန်ထမ်းများက သစ်ပင်စိုက်ပျိုးပွဲ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြပြီး ကျွန်း၊ ပိတောက်၊ ယူကလစ်၊ မဲဇလီ၊ စိန်ပန်းကြီးနှင့် တရုတ်တည်ပင် စုစုပေါင်း အပင် ၃၀၀၀ကို စိုက်ပျိုးခဲ့ကြသည်။ **(မြို့နယ် ပြန်/ ဆက်)**

ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် ရတနာလမ်း အမှတ်၂၃နေ ဒေါ်တင်စော (၇)နှစ်ပြည့်အားရည်စူး၍ သားဖြစ်သူ မောင်သန့်စင်က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေ လက်ခံယူစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၃၀**

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ်၂၃ရက် မွန်းလွဲ၁နာရီက နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစောလွင်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ပညာပေး**

နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းမြင့်က အင်ဂျင်နီယာနည်းစနစ်အရ လမ်းပိုင်းဆိုင်ရာများ ပြုပြင်ပေးပြီး လမ်းများပေါ်တွင် ဆေးရေးအမှတ်အသားများ၊ အန္တရာယ်သတိပေး တားမြစ်ကန့်သတ်ချက် အမိန့်ပေးလမ်းညွှန်များ စိုက်ထူပေးခဲ့သော်လည်း ဩဂုတ်၂၃ရက်အထိ နေပြည်တော်ခရိုင်အတွင်း ယာဉ်မတော်တဆမှု ၂၀၇မှု၊ ဒဏ်ရာရသူ ၃၃၁ဦး၊ သေဆုံးသူ ၁၀၈ဦး ရှိခဲ့သဖြင့် စစ်ဆေးအရေးယူမှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေရကြောင်း၊ ပြည်သူတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာကြလျှင် ယာဉ်အန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်ကြောင်း ဖြစ်စဉ်သာဓကများချပြပြီး ပညာပေးဇာတ်လမ်းတိုများပြသ၍ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# စာရေးဝန်ထမ်း အခြေခံသင်တန်းဆင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၁၃၂) သင်တန်းဆင်း အခမ်းအနားကို ဩဂုတ်၂၇ရက် နံနက်၇နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) စစ်ရေးပြကွင်း၌ ကျင်းပရာ ပါမောက္ခချုပ်ဦးဝင်းမောင်က သင်တန်းသား သင်တန်းသူ စံပြဆုရရှိကြသူများအား ဆုချီးမြှင့်ပြီး အုန်းတောခန်းမ၌ သင်တန်းဆင်း အမှာစကား ပြောကြားကာ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဟာရပြည့်ဝစွာချက်ပြုတ်ရေးသရုပ်ပြပွဲ နမ့်ခမ်းမြို့နယ်၌ကျင်းပ

**နမ့်ခမ်း ဩဂုတ် ၃၀**

မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် ရပ်ကွက်အလိုက် အာဟာရပြည့်ဝစွာချက်ပြုတ်ရေး သရုပ်ပြပွဲ၊ ပြိုင်ပွဲကို ဩဂုတ်၂၀ရက် မွန်းလွဲ ၁နာရီက ပေါက်နေရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်ဦးကြည်နှင့် ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# မြေခင်းအလှပြုပြင်

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြည်ထောင်စုလမ်းမကြီးဘေး မြေခင်းအလှပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၅ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)





* ရှေ့ဖုံးမှ

### လေ့လာ

ပြင်ဦးလွင်မှအထွက် မိုးက ခပ်သဲသဲရွာနေသည်။ ပြင်ဦးလွင်တွင် ရွာသောမိုးက ထူးခြားသည်။ ချက်ချင်းရွာသည်၊ ချက်ချင်းတိတ်သည်။ သတင်းအဖွဲ့ ပြင်ဦးလွင်-မိုးကုတ်လမ်းဖောက်လုပ်မှုကို လေ့လာရန် ခရီးထွက်ခဲ့ကြသည်။ ပြင်ဦးလွင်အလွန် မန္တလေး-လားရှိုးလမ်း မိုင်(၄၆/၃)ရှိ ရေငယ်မှ မိုးကြိုးပစ်ရွာသို့ မော်တော်ကားဖြင့်ထွက်ခဲ့ရာ ၃၄ပေ လမ်းအကျယ်ရရှိရန် မြေသားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို တွေ့မြင်ရသည်။ လမ်းဘေးဝဲယာတွင် ယာစိုက်ခင်း၊ ကောက်ပဲသီးနှံစိုက်ခင်းများကို မပြတ်တမ်း မြင်တွေ့ရသည်။

လုပ်ရာတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြင်ဦးလွင်ခရိုင် လမ်းဖောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)နှင့် ကုမ္ပဏီ ၁၀ဖွဲ့တို့က ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။ ပြင်ဦးလွင်-မိုးကုတ်လမ်းသစ်သည် မန္တလေး-လားရှိုးလမ်း မိုင်(၄၂/၀) ပြင်ဦးလွင်မြို့မှ မိုးကုတ်မြို့အထိ ၉၇မိုင် ၇ဖာလုံ ရှိသည်။ ခရီးစဉ်မှာ မန္တလေး-လားရှိုးမိုင် (၄၆/၃) ရေငယ်မှ မိုးကြိုးပစ်ရွာသို့ ခွဲထွက်ပြီး ကျောက်မဲလေး-လုံခမ်း-လဲကြီး၊ မိုးကုတ်-မိုင်းလုံလမ်း မိုင်(၁၄/၀)မှတစ်ဆင့် မိုးကုတ်သို့ သွားသည့် လမ်းဖြစ်သည်။

### မြိုင်မြိုင်ဆိုင်ဆိုင်

တောင်ခြေ၊ တောင်စွယ်များကို ယန္တရားများဖြင့် ဖြိုချပြီး ခက်ခဲစွာ အင်အား ၈၀ခန့်နှင့် ဆောင်ရွက်နေသည်ကို မြင်တွေ့ခဲ့ရသည်။ မြေထိန်းနံရံစီခြင်း၊ လမ်းပုံဖော်ခြင်း၊ မြေဖော်ခြင်းနှင့် လိုအပ်သည့်နေရာများကို မြေဖို့ခြင်းများ ပြုလုပ်နေသည်မှာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိသည်။

### ခွဲခြားသတ်မှတ်

ကျောက်မဲလေးရွာမှ သံဘိုရွာအလွန်အထိ ကားလမ်း ၄မိုင်အရှည်ကို တစ်ပိုင်း၊ သံဘိုရွာအလွန်မှ ကားလမ်းအရှည် ၄မိုင်ကို တစ်ပိုင်း၊ ယင်းမှ အင်းပရွာကို ဖြတ်သန်းကာ ၄မိုင်ကို လမ်းပိုင်းတစ်ပိုင်း၊ ပိန်အင်းရွာမှ လဲကြီးအထိ တောင်နီရွာကို ဖြတ်သန်းကာ လမ်းအရှည် ၈မိုင် ၆ဖာလုံရှိသည့် လမ်းပိုင်း၊ လဲကြီးရွာမှ လမ်းအရှည် ၄မိုင်အထိ လမ်းပိုင်း၊ ၄င်းနေရာမှ မိုးကုတ်အထိ ၁၀မိုင်လမ်းအရှည်ကို လမ်းပိုင်းတစ်ပိုင်းဟု ခွဲခြားသတ်မှတ်ကာ ကုမ္ပဏီများ အပိုင်းလိုက် အတူပူးတွဲဖောက်လုပ်နေကြခြင်း ဖြစ်သည်။

### ပြီးစီး

ပြင်ဦးလွင် - မိုးကုတ်လမ်းသည် မြေသားလမ်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်ကို တွေ့မြင်ခဲ့ရသည်။ လျှိုမြောင်များ၊ တောင်ကြောများ၊ တောင်နံရံများကို ယန္တရားများ အင်အား၊ လူအင်အားများဖြင့် အချိန်ပြည့် တက်ညီလက်ညီ ဆောင်ရွက်နေကြမှုများကြောင့် အချိန်တိုအတွင်း ကျောက်ခင်းလမ်းအဖြစ် တွေ့မြင်ရတော့မည်ဖြစ်သည်။ ပြင်ဦးလွင်-မိုးကုတ်လမ်းသည် ပြင်ဦးလွင်ခရိုင်အတွင်း ၃၅မိုင် ၁ဖာလုံ ပါဝင်ပြီး ကျောက်မဲခရိုင်အတွင်း ၆၂မိုင် ၆ဖာလုံ ပါဝင်လျက်ရှိသည်။ ပြင်ဦးလွင်-မိုးကုတ်လမ်း အစအဆုံး မြေသားလမ်းအကျယ် ၃၄ပေ လမ်းပုံဖော်မှုလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ရာ တောတောင်သဘာဝအလှကိုခံစားရင်း မော်တော်ယာဉ်များဖြင့် စိတ်အေးချမ်းသာစွာ ခရီးသွားလာနိုင်တော့မည်ဖြစ်သည်။

### အကျိုးကျေးဇူး

ပြင်ဦးလွင် - မိုးကုတ်လမ်းသစ်ဖောက်လုပ်မှုကြောင့် ယခင်က မန္တလေး-မတ္တရာ-လက်ပံလှ-ချောင်းကြီး-စိန်ကုန်း-ကျပ်ပြင်တို့ကို ဖြတ်သန်းကာ မိုးကုတ်အထိ လမ်းကြောင်းရှည်စွာ ကွေ့ဝိုက်မောင်းနှင်သွားလာရမှုမှာ ယခုအခါ မျဉ်းတစ်ဖြောင့်တည်းနီးပါး တိုက်ရိုက်လမ်းဖောက်မှုဖြစ်သဖြင့် အချိန်ကုန်သက်သာပြီး ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာမည်ဖြစ်သည်။ ကားလမ်း ဖြတ်သန်းဖောက်လုပ်မှုကြောင့် ဒေသပိုမိုဖွံ့ဖြိုးလာမည့်အပြင် ဒေသခံပြည်သူများသည်လည်း လူမှုစီးပွားဘဝ တိုးတက်လာမည့် အကျိုးကျေးဇူးများ ခံစားကြရမည် ဖြစ် သည်။

မကြာမီကာလအတွင်း ပန်းမြို့တော်မှသည် ပတ္တမြား မြေဆီသို့ ဆက်သွယ်မည့် အထူးစီမံကိန်းဝင် ပြင်ဦးလွင်-မိုးကုတ်လမ်းမကြီးသည် ကား ရွှေလမ်း၊ ငွေလမ်းသဖွယ် ပေါ်ထွန်းလာတော့မည် ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

## ယန္တရားများဖြင့် ဆောင်ရွက်

ပြင်ဦးလွင်-မိုးကုတ်လမ်းမကြီး ဖောက်လုပ်ရာတွင် နောင်ပိန်ရွာအနီး မြေသားလမ်းပုံဖော်မှုကို ယန္တရားများဖြင့် ဤသို့ဆောင်ရွက်နေကြသည်။

## မြေသားလမ်းလုပ်ငန်းဆောင်ရွက်

နောင်ပိန်ရွာအနီး ရွာရှောင်လမ်းအတွက် မြေသားလမ်းလုပ်ငန်းကို ယန္တရားဖြင့် ဆောင်ရွက်နေစဉ်။



**ပြင်ဦးလွင်-မိုးကုတ်လမ်းသစ် ဖောက်လုပ်မှုကြောင့် ယခင်က မန္တလေး-မတ္တရာ-လက်ပံလှ-ချောင်းကြီး-စိန်ကုန်း-ကျပ်ပြင်တို့ကို ဖြတ်သန်းကာ မိုးကုတ်အထိ လမ်းကြောင်းရှည်စွာ ကွေ့ဝိုက်မောင်းနှင်သွားလာရမှုမှာ ယခုအခါ မျဉ်းတစ်ဖြောင့်တည်းနီးပါး တိုက်ရိုက်လမ်းဖောက်မှုဖြစ်သဖြင့် အချိန်ကုန်သက်သာပြီး ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာမည်။**



## မြေကြီးလုပ်ငန်းများဆောင်ရွက်

ညောင်ကုန်းရွာအလွန်တွင် မြေကြီးလုပ်ငန်းများ အပြီးသတ် ဆောင်ရွက်နေသည်ကို ဤသို့ တွေ့ရသည်။

ရေငယ်မှ မိုးကြိုးပစ်ရွာအထိ မြေသားလမ်းပြီးစီးနေပြီး ကျောက်ခင်းမှုများ ပြုလုပ်တော့မည့်အနေအထား ရှိနေပြီဖြစ်သည်။ ရေငယ်မှ သက္ကံကုန်းရွာအထိ ခရီးမိုင် ၄မိုင် ၆ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူ ဆောင်ရွက်နေသည်ဖြစ်ရာ လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် အင်တိုက်အားတိုက် လုပ်ကိုင်နေမှုကို တွေ့မြင်ရသည်။

### ပူးပေါင်းဆောင်ရွက်

ပြင်ဦးလွင်-မိုးကုတ်လမ်း ဖောက်

ဖောက်လုပ်နေမှု မြင်ကွင်းများကို လမ်းတစ်လျှောက် တွေ့ခဲ့ရသည်။ မဲတောရွာ၊ နောင်ပိန်ရွာများကို ဖြတ်သန်းဖောက်လုပ်ရာတွင် အချို့ရွာများကို မထိခိုက်စေရန် ရွာရှောင်ကွင်းလမ်းများ ဖောက်လုပ်ခဲ့ရသည်။ ကားလမ်းဖောက်လုပ်ရာတွင် တံတားငယ်များ၊ ပြွန်ပေါက်များကို စနစ်တကျ တွက်ချက် ဖောက်လုပ်လျက်ရှိသည်။ ရောရှေ့ဝါကုမ္ပဏီက ၁၂မိုင် လမ်းအရှည်ကို သက္ကံကုန်းမှ ကျောက်မဲလေးရွာအထိ တာဝန်ယူဖောက်လုပ်နေရာ ယန္တရားအစီး ၂၀ကျော်၊ ဝန်ထမ်း

ဟိုခိုရွာအထိ လမ်းအရှည် ၅မိုင်ကို တစ်ပိုင်း၊ ဟိုခိုရွာ အရှည် ၄မိုင်အထိတစ်ပိုင်း၊ ၎င်းနေရာမှ ဒိုးပင်ရွာအလွန်အထိ လမ်းအရှည် ၅မိုင်ကို တစ်ပိုင်း၊ ဒိုးပင်ရွာအလွန်မှ လမ်းအရှည် ၉မိုင်ကို အပိုင်းတစ်ပိုင်း၊ ၎င်းနေရာမှ မန်ဆင်ရွာအထိ ၈မိုင်ရှည်သည့် လမ်းပိုင်းတစ်ပိုင်း၊ မန်ဆင်ရွာမှ ၃မိုင် အကွာအဝေးအထိ လမ်းပိုင်း တစ်ပိုင်း၊ ၎င်းရွာမှ ပင်တောင်ရွာအလွန်အထိ လမ်းအရှည် ၈မိုင်ကို တစ်ပိုင်း၊ ပင်တောင်ရွာအလွန်မှ ပိန်အင်းရွာအထိ လမ်းအရှည်



မဲတောရွာအနီး မြေသားလမ်း ဖောက်လုပ်ပြီးစီးသဖြင့် ကျောက်ခင်းရန် အသင့်အနေအထားရှိနေသည်ကို တွေ့ရစဉ်။

ဉ်ရမည် ပြင်ဦးလွင်-မိုးကုတ်လမ်းမကြီးသည်
ကား ရွှေလမ်း၊ ငွေလမ်းသဖွယ်
ပန်းမြို့ ပေါ်ထွန်းလာတော့မည် ဖြစ်ပါ
မြဆီသို့ ကြောင်း။ ။
ကိန်းဝင် (မြန်မာ့အလင်း)

မ်းလုပ်ငန်းဆောင်ရွက်

ရောင်လမ်းအတွက် မြေသားလမ်းလုပ်ငန်းကို
နစဉ်။



မိုးကုတ်လမ်းသစ် ဖောက်
သခင်က မန္တလေး-မတ္တရာ-
င်းကြီး-စိန်ကုန်း-ကျပ်ပြင်
းကာ မိုးကုတ်အထိ လမ်း
ကွေ့ဝိုက်မောင်းနှင်သွားလာ
ခါ မျဉ်းတစ်ဖြောင့်တည်း
က်လမ်းဖောက်မှုဖြစ်သဖြင့်
သာပြီး ခရီးသွားလာမှုနှင့်
မှု သွက်လက်မြန်ဆန်လာ





ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မင်းဘူး-အမ်းလမ်း(မင်းဘူး-ပဒါန်း)အပိုင်းတွင် တောင်ပေါ်လမ်း လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

# ဝန်ကြီး ဦးခင်မောင်မြင့် မင်းဘူး-အမ်းလမ်းအပိုင်း လမ်းတိုးချဲ့မှုစစ်ဆေး

# လုပ်ငန်းများ အမြန်ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းမီရေး ဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဩဂုတ် ၃၀

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၂၈ရက် နံနက်စနာရီတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မင်းဘူးခရိုင်ရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မင်းဘူး-အမ်းလမ်းအပိုင်းတွင် တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်သည့် လမ်းအထူးအဖွဲ့ သုံးဖွဲ့၊ ခရိုင်အဖွဲ့ သုံးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ၁၃ဖွဲ့ စုစုပေါင်း ၁၉ဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရန်ကုန်-စစ်တွေလမ်း (မင်းဘူး-အမ်း)လမ်းအပိုင်း လမ်းချဲ့ခြင်းနှင့် ကတ္တရာလမ်း အဆင့်မြှင့်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မှာကြားခဲ့သည်။**

ထို့နောက် ဒုတိယအင်ဂျင်နီယာချုပ် (လမ်း) ဦးသိန်းဇော်က ရန်ကုန်-စစ်တွေလမ်း (မင်းဘူး-အမ်း)လမ်း အပိုင်းကို စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် မော်တော်ယာဉ်ဖြင့် မင်းဘူးမြို့မှထွက်ခွာပြီး မင်းဘူး-အမ်းလမ်း (မင်းဘူး-ပဒါန်း)အပိုင်း၌ ပန်းသီကုမ္ပဏီက စက်ယန္တရားများဖြင့် တောင်ပေါ်လမ်း ၃၄ပေအကျယ် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ တံတားအမှတ်(၁/၃၉) လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းများ အမြန်ပြီးစီးရေး နေ့ညဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မော်တော်ယာဉ်ဖြင့် နတ်ရေကန်ရှောင်ကွင်းလမ်းမှ ထွက်ခွာပြီး မြကန်သာကုမ္ပဏီက ဆောင်ရွက်သည့် မိုင်တိုင်အမှတ်(၅/၅)မှ (၅/၆) အကြား စက်ယန္တရားများဖြင့် တောင်ပေါ်လမ်း ၃၄ပေ၊ မြေပြန့် ပေ ၅၀ အကျယ် လမ်းချဲ့ခြင်း၊ တောင်ကြောမြေဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ စက်ရေစမ်းလမ်းစခန်း ရှင်းလင်းဆောင်၌ ရခိုင်ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးအုန်းလွင်၏ ရှင်းလင်းတင်ပြမှုအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကုမ္ပဏီအဖွဲ့များ ပူးပေါင်း၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ တောင်တက်လမ်းဖြစ်သည့်အတွက် လမ်းကွေ့များကို ၃၄ပေအကျယ်ရရှိရေး ချဲ့ပေးရန်နှင့် လမ်းဘေးရေမြောင်းများ ဖောက်လုပ်ရေးတို့ကို မှာကြားသည်။

### မှာကြား

ထို့နောက် မိုင်တိုင်အမှတ် (၆၅/၀)မှ (၆၅/၁)အကြားတွင် Full Strength Co., Ltd. က စက်ယန္တရားများဖြင့် တောင်ကြောမြေဖြတ်ထုတ်ခြင်းနှင့် လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဩဂုတ် ၂၄ရက်က ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ကျင်းပသော ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာတွေ့ဆုံပွဲ၌ စတုတ္ထတန်း မြို့နယ်အဆင့် စာစီစာကုံးဆုနှင့် စတုတ္ထတန်းတွင် ပထမဆုရရှိသော မခင်ထက်ထက်ဆွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဝင်းက ဆုချီးမြှင့်စဉ်။ (၂၁၁)

## သွေးသည် အသက်



ဩဂုတ် ၂၈ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့်အဖွဲ့ အရိုးကုန်းရပ်ကွက်အတွင်းရှိ ခြင်ထောင်ဆေးစိမ်ခြင်းလုပ်ငန်းနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့် အဖွဲ့ဝင်များ ဆောင်ရွက်ရာသို့ လာရောက်ကြီးကြပ်ပေးစဉ်။ (၁၇၁)

### ❒ ကျောဖုံးမှ

*၂၀၀၆ခုနှစ် မေ ၂၆ရက်ကလည်း အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၌ အင်အား ၆ ဒသမ ၃အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့သဖြင့် လူပေါင်း ၅၇၄၉ဦး သေဆုံးခဲ့ရပြန်သည်။*

*၂၀၀၇ခုနှစ် မတ် ၆ရက်ကလည်း ဆုမတြားကျွန်းတွင် ငလျင်နှစ်ကြိမ်လှုပ်၍ လူပေါင်း ၇၀ကျော် သေဆုံးကာ နေအိမ် ၁၀၀၀ကျော် ပြိုကျပျက်စီးခဲ့ရသည်။*

*ယခုတစ်ဖန်လည်း ထိုဆုမတြားကျွန်း၌ ဩဂုတ် ၂၈ရက်က မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရသည်။ ဩဂုတ် ၃၀ရက်မှာတော့ စီနာဘန်းအမည်ရှိ အဆိုပါ မီးတောင်ကြီး ထပ်မံပေါက်ကွဲခဲ့သဖြင့် အနီးအနားရှိ ကျေးရွာများမှ ဒေသခံများ ဘေးကင်းရာသို့ ထွက်ပြေးကြရသည်။ ဩဂုတ် ၃၀ရက်အထိ ဒေသခံ ၂၁၀၀၀ကျော်တို့ ဘေးကင်းရာသို့ ပြောင်းရွှေ့သွားကြပြီဖြစ်သည်။ အချို့မှာ အဆောက်အအုံများကို အမိုးအကာများပြုလုပ်ပြီး နေကြဆဲဖြစ်သည်။*

*ထို့ကြောင့် ငလျင်များလှုပ်ခတ်မှုနှင့် မီးတောင်များပေါက်ကွဲမှုတို့သည် ကမ္ဘာကြီးပူနွေးမှု၏ နောက်ဆက်တွဲ ဆိုးကျိုးအဖြစ် ကမ္ဘာ့ပြည်သူတို့ ကြုံတွေ့နေရလျက်ရှိပါကြောင်း….။ ။* ***ကိုးကား-အင်တာနက်***



# ပညာတန်ဆောင် စာပေပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်

**ရန်ကုန် ဩဂုတ် ၃၀**

၁၉၅၂ခုနှစ် ဇန်နဝါရီတွင် စတင်ထုတ်ဝေခဲ့သော "ပညာတန်ဆောင်မဂ္ဂဇင်း"သည် တွဲဖက်ကျောင်းနှင့် ကျောင်းခွဲများအပါအဝင် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းဝန်ထမ်းများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်များ၊ ပညာရေးကောလိပ်များမှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့မှ အငြိမ်းစား အရာထမ်း၊ ဝန်ထမ်းများအပါအဝင် အရာထမ်း၊ ဝန်ထမ်းများ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည့် ပညာတန်ဆောင် စာပေပြိုင်ပွဲကို နှစ်စဉ်ကျင်းပပြီး ပြိုင်ပွဲဘာသာရပ်အလိုက် အကဲဖြတ်အဖွဲ့များက စိစစ်ရွေးချယ်ကာ ဆုများချီးမြှင့်ပေးလျက်ရှိသည်။

### ပေးပို့ယှဉ်ပြိုင်

ယခု ၂၀၁၀ခုနှစ် ပညာတန်ဆောင် စာပေပြိုင်ပွဲကို ဘာသာပြန်ပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ပညာတန်ဆောင် ဦးသန်းညွန့်စာပေဆု ဝတ္ထုလတ်ပြိုင်ပွဲ၊ တစ်မျက်နှာ ဝတ္ထုတိုပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့သို့ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလထုတ် ပညာတန်ဆောင်မဂ္ဂဇင်း အတွဲ (၅၉)၊ အမှတ်(၂)တွင် ပြိုင်ပွဲကြေညာချက်ဖြင့် ဖိတ်ခေါ်ထားခဲ့ပြီး ပြိုင်ပွဲဝင်စာမူများကို စက်တင်ဘာ ၁၅ရက် ညနေ ၄နာရီ နောက်ဆုံးထားကာ စာတည်းမှူး ပညာတန်ဆောင်မဂ္ဂဇင်းတိုက် အမှတ် (၆) ရန်အောင်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ လိပ်စာဖြင့် ပေးပို့ယှဉ်ပြိုင်နိုင်ကြကြောင်း သိရသည်။

အဆိုပါစာပေပြိုင်ပွဲ၌ အခြေခံပညာမူလတန်း တတိယတန်းနှင့် စတုတ္ထတန်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည့် ရုပ်ပုံကြည့် စာစီစာကုံးပြိုင်ပွဲကို မြို့နယ်ပညာရေးမှူးများက စက်တင်ဘာ ၁၉ ရက် နံနက် ၁၀နာရီမှ ၁၁နာရီအထိ ပြိုင်ပွဲကျင်းပပေးပြီး အဖွဲ့က စိစစ်ရွေးချယ်သော အကောင်းဆုံးနှစ်စောင်ကို အောက်တိုဘာ ၁၁ရက် နောက်ဆုံးထားပေးပို့ကြရန်လည်း မြို့နယ်များသို့ စာဖြင့်အကြောင်းကြားထားပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဗဟန်း၌ဖွင့်

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သော မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ရက် မွန်းတည့် ၁၂နာရီက ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးကြည်စန်းနှင့် အဖွဲ့ခွဲဝင် ဦးစိုင်းမောင်မောင်မြင့်တို့ တက်ရောက်ပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မဲရုံမှူးလုပ်ငန်းတာဝန်များကို ဦးကိုကိုလေး (ရန်ကင်းကိုကိုလေး)ကလည်းကောင်း၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်း လမ်းညွှန်များကို ဒေါက်တာမျိုးထွန်းကလည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေများကို မြို့နယ်ဥပဒေအရာရှိ ဒေါ်နော်ဒေါ်ရစ်ကလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုရမည့် ပုံစံများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ကလည်းကောင်း ဆွေးနွေးရှင်းလင်းပို့ချသည်။ ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းနိုင်က မဲရုံသရုပ်ပြသမှုကို ရှင်းလင်းပြသည်။ **(မြို့နယ် ပြန်/ဆက်)**

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၁-၉-၂၀၁၀

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက် |
| ၇း၀၅ | တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော် (ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ |
| ၇း၃၀ | (၃၈)ဖြာမင်္ဂလာ |
| ၇း၃၅ | နံနက်ခင်းတေးပဒေသာ |
| ၈း၀၀ | စံတော်ချိန် + သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၁၀း၀၀ | အမှတ်တရတေးလက်ဆောင် |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၃၅ | တေးပဒေသာ |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၅၅) နေ့လယ်ခင်းတေးပဒေသာ |
| ၁၁း၃၀ | ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ |
| ၁၂း၀၀ | စံတော်ချိန် တေးပဒေသာ |
| ၁၂း၂၅ | ဇာတ်လမ်းပမာနားဆင်စရာ (အသည်းအိမ်ထောင့်တစ်နေရာမှ) |
| ၁၂း၄၅ | တေးပဒေသာ |
| ၁၃း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁၃း၁၀ | တေးပဒေသာ |
| ၁၆း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၁၆း၃၀ | စစ်သည်အတွက် တေးလက်ဆောင် |
| ၁၇း၀၀ | ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးကျည်းကြော်၊ ကင်ပွန်းချဉ်ဟင်းနဲ့ ငါးပိသုပ်) |
| ၁၇း၁၀ | Current Song |
| ၁၇း၂၅ | သတင်းစာဆောင်းပါး |
| ၁၇း၃၀ | တေးပဒေသာ |
| ၁၇း၃၅ | အင်္ဂလိပ်စာသုတပဒေသာ(22) |
| ၁၈း၀၀ | ညနေခင်းသတင်း |
| ၁၈း၁၀ | ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၆၅) |
| ၁၈း၂၀ | ကျေးလက်ဇာတ်လမ်း (ကိုထိန်ရဲ့ ကွေးပုံ) |
| ၁၈း၃၀ | တူယှဉ်သီကြွေး စုံတွဲတေး |
| ၁၉း၀၀ | နိုင်ငံတကာသတင်း |
| ၁၉း၀၅ | သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက် |
| ၁၉း၁၅ | အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဇရာ) |
| ၁၉း၄၀ | ဝတ္ထုတိုခံစားမှု (ခုတော့သိပါပြီ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက် |
| ၂၀း၂၀ | သူ့ခေတ်သူ့အခါတေးကမ္ဘာ |
| ၂၀း၅၀ | ကျန်းမာရေးရာသိကောင်းစရာ (ခန္ဓာကိုယ်ကျန်းမာရေး ရေကို အလေးထားသောက်သုံးပေး) လူမှုရေးဦးတည်ချက် |
| ၂၁း၀၀ | ခံစားနားဆင် မြန်မာတေးသံစဉ် |
| ၂၁း၃၀ | ညချမ်းချိန်ခါတေးပဒေသာ |
| ၂၁း၅၉ | အဖိတ်နေ့နှုတ်ဆက်ချက် |

# ကမ္ဘာ့အပူချိန်မြင့်တက်လာမှုနှင့်အတူ ရေနေသတ္တဝါတို့၏ အသက်ရှင်နိုင်မှုအခွင့်အလမ်း

သတင်းမှတ်စု-မိုးမြင့်လင်းလက်

ကမ္ဘာ့အပူချိန် တစ်နေ့တခြားမြင့်တက်လာသည်။ သစ်တောများပြုန်းတီးမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ အဆမတန် ထုတ်လွှတ်မှု၊ အိုဇုန်းလွှာပါးလွှာလာမှုနှင့် ပျက်စီးမှု၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းလာမှုများက ကမ္ဘာ့အပူချိန် လျင်မြန်စွာ မြင့်တက်လာမှုကို လက်ယပ်ခေါ်သကဲ့သို့ ရှိနေသည်။ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိစေရန်အတွက် နိုင်ငံတိုင်းထိန်းသိမ်းကြရန် ကုလသမဂ္ဂက ဆော်ဩ တိုက်တွန်းသော်လည်း ထိရောက်မှုမရှိချေ။ ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်နေသမျှကာလပတ်လုံး ကြောင်းကျိုးဆက်စပ်မှုရှိနေသော ကမ္ဘာ့အပူချိန်မြင့်တက်မှုက တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာမည်ဖြစ်ရာ ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာရေပြင်တို့၏ အပူချိန်လည်း တဖြည်းဖြည်း မြင့်တက်လာမည်သာဖြစ်သည်။

### တိုးမြင့်လာ

ကမ္ဘာ့အပူချိန်သည် လွန်ခဲ့သည့်ငါးနှစ်ကထက် ၂ဒီဂရီစင်တီဂရိတ် တိုးမြင့်လာခဲ့သည်ဟု ကနေဒါ သုတေသနပညာရှင် ဒေါက်တာဂျက်စတာက ပြောကြားခဲ့သည်။ ကမ္ဘာ့အပူချိန်မြင့်တက်လာမှုကြောင့် သမုဒ္ဒရာနှင့် ပင်လယ်တို့၏ ရေပြင်အပူချိန်သည်လည်း လွန်ခဲ့သည့် ၁၀နှစ်တာကာလအတွင်း ၃ဒီဂရီစင်တီဂရိတ်အထိ တိုးမြင့်လာခဲ့သည်ဟု တိုရွန်တိုမြို့တွင် မကြာမီက ကျင်းပခဲ့သည့် ရာသီဥတုပြောင်းလဲမှုနှင့် အပူချိန်မြင့်တက်မှုဆိုင်ရာဆွေးနွေးပွဲ၌ တက်ရောက်လာသူများက ဆွေးနွေးပြောကြားခဲ့သည်။

### ရွှေ့ပြောင်း

ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာအပူချိန်များ မြင့်တက်လာမှုကြောင့် အာရှတိုက်ရှိ ပင်လယ်နှင့် သမုဒ္ဒရာတို့တွင် ရေမြေသတ္တဝါမျိုးစိတ် ၄၀ရာခိုင်နှုန်း ရွှေ့ပြောင်းကျက်စားခဲ့ကြရသည်။ထို့အတူ ဥရောပရေပြင်တွင် ၄၀ရာခိုင်နှုန်းနှင့် အရှေ့အလယ်ပိုင်းဒေသရေပြင်တွင် ၃၀ရာခိုင်နှုန်း၊ ဩစတြေးလျရေပြင်တွင် ၃၅ရာခိုင်နှုန်းသော ရေနေသတ္တဝါမျိုးစိတ်များ နေရာရွှေ့ပြောင်း ကျက်စားခဲ့ကြသည်ဟု ဓနသဟာယနိုင်ငံများဆိုင်ရာ သိပ္ပံသုတေသနအဖွဲ့ အစီရင်ခံစာ၌ ဖော်ပြထားသည်။



အပူချိန်မြင့်တက်မှုကြောင့် ပင်လယ်လိပ်များ ရွှေ့ပြောင်းရာမှ ကာရေဘီယံ ကမ်းခြေတွင် ဤသို့ သေဆုံးခဲ့ကြရသည်။

### သေဆုံး

ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့၏ အပူချိန်မြင့်တက်လာမှုကြောင့် ဖာရိုးကျွန်းစုအနီးတွင် ၂၀၁၀ခုနှစ်အတွင်း ဝေလငါး အကောင်ရေ ၂၀၀၀ခန့် သေဆုံးခဲ့ကြရသည်။ ထို့အတူ နာကာရာဂွာနိုင်ငံ ကမ်းခြေတွင်လည်း ဩဂုတ် ၂၈ရက်က ပင်လယ်လိပ်ကောင်ရေ ၃၀၀ခန့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသလို အခြား ကာရေဘီယံပင်လယ်အနားသတ်နိုင်ငံများတွင်လည်း ငါးမျိုးစိတ်ပေါင်း ၄၃ မျိုးခန့်မှ ငါးအကောင်ရေများစွာ သေဆုံးခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

### ပျက်စီး

အပူချိန်မြင့်တက်လာမှုကြောင့် ငါးမျိုးစိတ်များ ပျက်စီးဆုံးရှုံးမှုမှာ စုစုပေါင်း၂၅၀ ကျော်ရှိနေကြောင်း၊ ကွင်းစလန်းကျွန်းကမ်းလွန်ရေပြင်တွင်ပင် ငါးမျိုးစိတ် ၃၅ မျိုးခန့် ရှာမတွေ့တော့ကြောင်း ဩစတြေးလျ သုတေသနပညာရှင်ဒေါက်တာပီတာလက်က ပြောကြားသည်။ ကမ္ဘာ့ပင်လယ်နှင့်သမုဒ္ဒရာ အပူချိန် နောက်ထပ် ၃ ဒီဂရီ စင်တီဂရိတ် တိုးမြင့်လာပါက ငါးမျိုးစိတ် ၇၀ ရာခိုင်နှုန်း ပျက်စီးဆုံးရှုံးရမှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်းလည်း ၎င်းက ဝေဖန်သုံးသပ်ထားသည်။



နေရာရွှေ့ပြောင်းလာသော ဝေလငါးများ ဩစတြေးလျကမ်းခြေတွင် ဤသို့ သေဆုံးခဲ့ကြရသည်။

### ဆင်ခြင်

ကမ္ဘာ့ပင်လယ်နှင့်သမုဒ္ဒရာတို့ အပူချိန်မြင့်တက်စေမှုနှင့် ရေနေသတ္တဝါများ ပျက်စီးဆုံးရှုံးရမှုများတွင် ရေနံများယိုဖိတ်မှု၊ နျူကလီးယားလက်နက်များ စမ်းသပ်ပစ်လွှတ်မှု၊ စက်ရုံအလုပ်ရုံများမှ ဓာတုဘေးထွက်ပစ္စည်းများ မဆင်မခြင် စွန့်ပစ်မှုများကလည်း အဓိကအချက်များအဖြစ် ပါဝင်နေသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ရေနေသတ္တဝါများ၊ မျိုးစိတ်သစ်များ ပျက်စီးမှု၊ သဘာဝသယံဇာတများ ရှားပါးလျော့နည်းလာမှုများက လူတို့၏ ကိုယ်ကျိုးစီးပွားရှေ့တန်းတင်မှုကြောင့်ပင်ဖြစ်သည်။ ကမ္ဘာကြီးအပူချိန်မြင့်တက်လာမှုက ကမ္ဘာ့ပြည်သူတို့အပြင် ကုန်းနေ၊ ရေနေသတ္တဝါများကိုပါ ထိခိုက်ပျက်စီးစေလျက်ရှိသည်။ သို့သော် ယခုအချိန်အထိ ကမ္ဘာ့အပူချိန်လျော့ကျမည့် အရိပ်လက္ခဏာ မတွေ့ရသေးချေ။ သည့်အတွက် ရေနေသတ္တဝါတို့ ပျက်စီးမှုများကိုကား ဆက်လက်မြင်တွေ့နေကြရဦးမည်သာ····။ ။ (အင်တာနက်)

# မန္တလေးမြို့ ဖွံ့ဖြိုးမှုအလှကို ပေါ်လွင်စေသည့်လမ်းများ

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ❑ ဓာတ်ပုံမှတ်တမ်း-ကျော်မြင့်သန်း(လမ်းမတော်)

**မန္တလေး ဩဂုတ် ၃၀**

ကျယ်ဝန်း ဖြောင့်တန်းသော ကားလမ်းများ၊ ကျယ်ဝန်းသော ကားလမ်းများပေါ်မှ မောင်းနှင်သွားလာနေကြသည့် မော်တော်ယာဉ်မျိုးစုံနှင့် ဆိုင်ကယ်များ၊ ကားလမ်းဘေးဝဲယာတစ်လျှောက် ခေတ်မီနေအိမ်တိုက်တာများနှင့် အရိပ်ရအလုပင်



မန္တလေး ကန်တော်ကြီးဆိုင်းဘုတ်ကလည်း လမ်းနှင့် ပနံရလျက်····။

များဖြင့် ဝေဖြာနေသည့် မန္တလေးမြို့ကားအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့လေပြီ။

### ဆန်းသစ်မှုများပြည့်လျှံ

မန္တလေးမြို့တွင် လမ်းတိုင်းကျယ်ဝန်းသန့်ရှင်းလျက်ရှိပြီး နိုင်လွန်ကတ္တရာလမ်းများ၊ ကတ္တရာခင်းလမ်းများ၊ နိုင်လွန်ကတ္တရာခင်းဆဲလမ်းများဖြင့် မန္တလေးမြို့မြင်ကွင်းက ပြောင်းလဲမှုများ၊ ဆန်းသစ်မှုများ ပြည့်လျှံလျက်ရှိသည်။

မန္တလေးမြို့ သန့်ရှင်းရမည်၊ မန္တလေးမြို့ သာယာလှပရမည်၊ မန္တလေးမြို့နေပြည်သူများ စိတ်ချမ်းသာရမည်ဟူသော ရည်မှန်းချက် များဖြင့်ကြိုးစားမှုကြောင့် မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်ရန် လိုအပ်သည့် အခြေခံအဆောက်အအုံများဖြစ်သောလမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကြိုးစားဆောင်ရွက်ခဲ့သဖြင့် မြို့တွင်းလမ်းတိုင်း အဆင့်မြင့်စွာ ပေါ်ထွန်းခဲ့ပြီဖြစ်သည်။

### သွားရောက်လေ့လာ

သတင်းအဖွဲ့ မန္တလေးမြို့သို့ ရောက်ရှိစဉ် မြို့တွင်းကားလမ်းများ အဆင့်မြှင့်တင်မှုဆောင်ရွက်နေသည်ကိုတွေ့ရသည်။ မြို့တော် စည်ပင်သာယာရေးကော်မတီလမ်းနှင့်တံတားဌာနမှ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းပြုလုပ်နေသော ကန်တော်ကြီးပတ်လမ်း စီမံကိန်းဆောင်ရွက်နေမှုကို သွားရောက်လေ့လာခဲ့သည်။

ကန်တော်ကြီးကန်ပတ်လမ်းအရှည်ပေ ၁၁၆၅၀၊ အကျယ်ပေ ၄၀အား နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ယန္တရားအင်အား၊ လူအင်အားတို့ဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ဩဂုတ် ၂၂ ရက်အထိ နိုင်လွန်ကတ္တရာခင်းပြီး အခြေအနေမှာ အရှည်ပေ ၉၆၀၀ ရှိပြီး အခြေခံလွှာခင်းခြင်းလုပ်ငန်းများမှာ အရှည်ပေ ၁၁၀၀၀ ရှိပြီးဖြစ်ရာ ၈၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

### စိတ်အေးချမ်းမြေ့

မန္တလေး ကန်တော်ကြီးရေပြင်မှ ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကြောင့် ပူပြင်းသောဒဏ်ကို သက်သာရာရစေသည်က အမှန်ပင်။ ကန်တော်ကြီး



ကန်တော်ကြီးပတ်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ဤသို့ ဆောင်ရွက်နေကြသည်။

ရေပြင်အလှကို ခံစားကြည့်ရှုရင်း ကန်တော်ကြီးပတ်လမ်း နိုင်လွန်ကတ္တရာခင်းပြီးသွားပါက မန္တလေးမှ စစ်ကိုင်းဘက်သို့ လွယ်ကူချောမွေ့စွာ မောင်းနှင်သွားလာနိုင်ကြမည်ဖြစ်သည်။ ကန်တော်ကြီးသို့ အပန်းဖြေလာရောက်ကြသူများအတွက်လည်း စိတ်အေးချမ်းမြေ့စွာ သွားလာနိုင်ကြမည်ဖြစ်သည်။

### ပျားပန်းခပ်

မန္တလေးမြို့တွင် မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် စက်ဘီးများဖြင့် မောင်းနှင်စီးနင်းသွားလာမှုမှာလည်း ပျားပန်းခပ်မျှ မြင်တွေ့ရသည်။ ရတနာပုံတက္ကသိုလ်အဝင်လမ်းနှင့် တောင်သမန်ကန်ပတ်လမ်းများကိုလည်းသွားရောက်လေ့လာခဲ့သည်။ တောင်သမန်ကန်ပတ်လမ်းဖောက်လုပ်ထားမှုမှာလည်း ညီညာပြီး ကတ္တရာခင်းထားမှု၊ ထိန်းသိမ်းမှုများကောင်းမွန်သဖြင့် မော်တော်ယာဉ် မောင်းနှင်သွားလာမှု အဆင်ပြေလှသည်။ ရန်ကုန်- မန္တလေး မော်တော်ကားလမ်းမှ ရတနာပုံတက္ကသိုလ် အဝင်လမ်းအထိ လမ်းသားတိုးချဲ့ခြင်း ပြုလုပ်နေပြီး ယခင်က ကတ္တရာလမ်းဘေးအကျယ်မှ ယခုပေ ၃၀ အကျယ် အထိကတ္တရာလမ်း အကျယ်ရရှိအောင် တိုးချဲ့ဖောက်လုပ်မည်ဟုသိရသည်။

### စီမံကိန်းများပြီးစီး

မန္တလေးမြို့အတွင်း လမ်းများတည်ဆောက်ခဲ့ရာတွင် မန္တလေးမြို့ ပတ်လမ်းစီမံကိန်း၊သင်္ဂဇာ ချောင်းပတ်လမ်းစီမံကိန်း၊ တောင်သမန်ကန်ပတ်လမ်း စီမံကိန်းနှင့် ကန်တော်ကြီးပတ်လမ်း စီမံကိန်းများ ပြီးစီးခဲ့ပြီဖြစ်သည်။

ယခုအခါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ မန္တလေးမြို့အဝင်လမ်း စီမံကိန်းကိုမြေသားလမ်းအဖြစ်တည်ဆောက်ပြီးစီးနေသလို ကတ္တရာခင်းခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် ပြင်ဆင်နေပြီဖြစ်သည်။ တစ်ဖန် ကုန်တင်ယာဉ် ရပ်နားစခန်းအတွင်း ကွန်ကရစ်လမ်း ဖောက်လုပ်ခြင်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကုန်တင်ကားကြီးယာဉ်ရပ်နားစခန်းအတွင်း လမ်းများဖောက်လုပ်ရာတွင် ချဉ်းကပ်လမ်း ၇၉၂၂ ပေနှင့် ကွန်ကရစ်ပတ်လမ်းများ အရှည်ပေ ၁၁၂၁၀ရှိရာ ဖောက်လုပ်ပြီးစီးတော့မည်ဖြစ်သည်။ ကုန်တင်ကားကြီးယာဉ်ရပ်နားစခန်းကို ပြည်ကြီးတံခွန်မြို့နယ် ကနောင်မင်းသားကြီးလမ်းနှင့် ထုံးဘိုမြစ်ငယ်လမ်းအတွင်း၊ ၆၆ လမ်း နှင့် ၆၃ လမ်းကြားတွင် တည်ဆောက်နေခြင်းဖြစ်သည်။

### ပေါ်ထွက်လာ

မန္တလေးမြို့၌ ၇၃ လမ်း၊ ၇၈ လမ်းနှင့် ၂၆လမ်းတို့တွင် အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ထားသဖြင့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ ငြိမ့်ညောင်းစွာ မောင်းနှင်သွားလာနိုင်ကြပြီ။မြို့တွင်း၌ ကတ္တရာလမ်း၊ နိုင်လွန်ကတ္တရာ လမ်းများက လက်ညှိုးထိုးမလွဲပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

ထိုသို့ ကတ္တရာလမ်းများ တစ်မြို့လုံးခင်းပေးနိုင်သည့်အပြင် ခေတ်မီသစ်လွင်လှပသည့် တိုက်တာအဆောက်အအုံများဖြင့် အစီအရီဖြစ်နေသော မြင်ကွင်းသည် မန္တလေးမြို့၏ ဖွံ့ဖြိုးမှုအလှကို ပိုမိုပေါ်လွင်စေလျက်ရှိနေပါကြောင်း။ ။

(မြန်မာ့အလင်း)



တောင်သမန် ကန်ပတ်လမ်းနှင့် ဦးရွှေတောင်တံတားမြင်ကွင်း။

# တရားသူကြီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား

## တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက် အမှာစကားပြောကြား

တရားသူကြီးချုပ် ဦးအောင်တိုး ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင် သင်တန်း အမှတ်စဉ် (၂၀)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ် (၄၆)တို့တွင် တက်ရောက်ခဲ့သော သင်တန်းသား သင်တန်းသူများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်းများတွင် ဆုရရှိခဲ့သည့် တရားသူကြီးများအား ဂုဏ်ပြုဆုချီးမြှင့် ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)





ရန်ကုန် ဩဂုတ် ၃၀

တရားရုံးချုပ်(ရန်ကုန်)က ဖွင့်လှစ်ခဲ့သော ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၂၀)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၄၆)တို့တွင် တက်ရောက်ခဲ့ကြသော သင်တန်းသား သင်တန်းသူများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းများ၌ ဆုရရှိခဲ့ကြသည့် တရားသူကြီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက တရားရုံးချုပ် (ရန်ကုန်) အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် တရားသူကြီးချုပ်က ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၄၆)တွင် သင်တန်းသားစံပြဆုရရှိခဲ့သူ ဦးတင့်ဖုန်းအောင်နှင့် သင်တန်းသူ စံပြဆုရရှိသူ ဒေါ်အိအိဖြိုးတို့အားလည်းကောင်း၊ သင်တန်းသား ပထမဆုရရှိသူ ဦးအောင်ခိုင်မိုး၊ သင်တန်းသား ဒုတိယဆုရရှိသူ ဦးစည်သူထွန်းတို့အားလည်းကောင်း၊ တရားရုံးချုပ် လေ့ကျင့်ရေးဌာန လှိုင်သာယာသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့် ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၂၀)တွင် ပထမရရှိခဲ့သူ ဒေါ်ယဉ်မွန်စိုးနှင့် ဒုတိယရရှိခဲ့သူ ဒေါ်ခင်ချိုဝင်းတို့အားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ တရားသူကြီးချုပ်က ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)တွင် ဖွင့်လှစ်ခဲ့သော အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၉)တွင် သင်တန်းသူ စံပြဆုရရှိသော ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဒေါ်သော်ဒါစိန်၊ သင်တန်းသူ ပထမဆုရရှိသော ပဲခူးခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်၊ အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁၃)တွင် သင်တန်းသူစံပြဆုရရှိခဲ့သော ကလေးသူငယ်တရားသူကြီး ဒေါ်ညိုမီစံ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သော အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၆)တွင် သင်တန်းသူ ဒုတိယဆုရရှိသော ရွှေဘိုခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဒေါ်မြသွေး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သော အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၂)၌ သင်တန်းသူ ဒုတိယဆုရရှိသော တရားရုံးချုပ် (နေပြည်တော်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီထူး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)တွင် ဖွင့်လှစ်ခဲ့သော အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၅)၌ သင်တန်းသား စံပြဆုရရှိသော တောင်ငူခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဦးဝင်းမြင့်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တရားသူကြီးချုပ်က ဒုတိယ မြို့နယ်တရားသူကြီးများ လုပ်ငန်းဝင် သင်တန်းအမှတ်စဉ် (၂၀)မှ သင်တန်းသားများအား ဂုဏ်ပြုလွှာများနှင့် တာဝန်ပေးအပ်လွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပွဲပြီးခါနီး ပယ်နယ်တီဂိုးနဲ့ အနိုင်ရခဲ့တဲ့ ဉသျှောယူနိုက်တက်

➤ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင် ➤

ရန်ကုန် ဩဂုတ် ၃၀

**၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၄) နောက်ဆုံးပွဲစဉ်ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဉသျှောယူနိုက်တက်က ဇွဲကပင်ယူနိုက်တက်ကို လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရသွားပါတယ်။**

**ဉသျှောယူနိုက်တက် - လေးဂိုး၊**
**ဇွဲကပင်ယူနိုက်တက် - သုံးဂိုး။**

### ဂိုးစသွင်း

ဒုတိယအကျော့မှာ ပွဲတွေဆက်နေတဲ့ ဉသျှောယူနိုက်တက်အသင်းဟာ အခုပွဲမှာလည်း အနိုင်ရဖို့ ရုန်းကန်ခဲ့ရပါတယ်။ ဇွဲကပင်ယူနိုက်တက်အသင်းရဲ့ ခြေစွမ်းပြမှုကြောင့်လည်း ခက်ခက်ခဲခဲကစားခဲ့ရပြီး ၁၇မိနစ်မှာ အောင်စိုးမိုးက ဇွဲကပင်ယူနိုက်တက်အတွက် ဂိုးစသွင်းသွားလို့ နောက်ကလိုက်ကစားခဲ့ရပါတယ်။ မိနစ် ၂၀မှာ လစ်ပီလစ်ပီက ပယ်နယ်တီကနေ ချေပဂိုးပြန်သွင်းခဲ့ပြီး ၃၇မိနစ်မှာ လစ်ပီလစ်ပီကပဲ ဒုတိယဂိုး၊ ၆၄မိနစ်မှာ မာဆီယိုက တတိယဂိုး သွင်းယူခဲ့ပါတယ်။

ဇွဲကပင်အသင်းဟာ ၅၆မိနစ်မှာ နန္ဒလင်းကျော်ချစ်နဲ့ ၇၃ မိနစ်မှာ အောင်စိုးမိုးတို့က ချေပဂိုးတွေနဲ့ ပြန်သွင်းခဲ့တာဖြစ်ပါတယ်။ သုံးဂိုးစီ သရေဖြစ်ပြီးနောက်ပိုင်းမှာ ပွဲဟာအကြိတ်အနယ်ရှိခဲ့ပြီး ဂိုးသွင်းခွင့်တွေ နှစ်သင်းစလုံးရခဲ့ပါတယ်။ ဉသျှောအတွက် အနိုင်ဂိုးကိုတော့ ၈၆မိနစ်မှာ လစ်ပီလစ်ပီက ပယ်နယ်တီကနေ သွင်းယူခဲ့တာ ဖြစ်ပါတယ်။ **(မြန်မာ့အလင်း)**

**၁-၉-၂၀၁၀**

**(MFF CUP ရှုံး/ထွက်ပြိုင်ပွဲ)**
**ညနေ ၃နာရီခွဲ**
**(အောင်ဆန်းကွင်း)**
**ဉသျှောယူနိုက်တက်- နေပြည်တော်**
**(သုဝဏ္ဏကွင်း)**
**ဧရာဝတီ- မကွေး** ဇေယျာရွှေမြေ- မနော်မြေ



ဉသျှောယူနိုက်တက်အတွက် ဟက်ထရစ်သွင်းယူခဲ့သူ လစ်ပီလစ်ပီ ဇွဲကပင်နောက်တန်းသို့ ထိုးဖောက်ဂိုးသွင်းနေစဉ်။




# Calsome ကွေကာမှ တွံတေးမြို့နယ်၌ ပျော်ပွဲ ရှင်ပွဲနှင့် ဉာဏ်စမ်းဗဟုသုတ ပဟေဠိပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေး အသိပညာပေးမှု၊ ဉာဏ်ရည်မြင့်မားမှု၊ အစာအာဟာရနှင့် အရိုးအဆစ်များ ကျန်းမာသန်စွမ်းမှုတို့အတွက် ပျော်ပွဲရှင်ပွဲနှင့် ဉာဏ်စမ်း ဗဟုသုတ ပဟေဠိပြိုင်ပွဲများကို MDG Co., Ltd. Calsome ကွေကာ၏ စီစဉ်မှုဖြင့် ကျင်းပပေးလျက်ရှိရာ ဩဂုတ် ၂၅ ရက်က တွံတေးမြို့နယ် ဘုရားကြီးကျေးရွာ မင်္ဂလာပရဟိတ သင်တန်းကျောင်း၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

### လှူဒါန်း

အဆိုပါအခမ်းအနားတွင် ဘုရားကြီး မင်္ဂလာတိုက်ကျောင်းနှင့် မိဘမဲ့ မင်္ဂလာ ပရဟိတသင်တန်းကျောင်း ပဓာနနာယကဆရာတော်ထံသို့ MDG Co.,Ltd. အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်မော်သိန်းနှင့် ဇနီး ဒေါက်တာမိုးမြတ်ဝင်းမိသားစုက ကျောင်း၌ရှိ သံဃာတော်များနှင့်ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူ ၅၀၀ ကျော်တို့အတွက် ဆွမ်းတစ်နေ့စာအာဟာရ ဒါနနှင့်Calsome ကွေကာများကို လှူဒါန်းခဲ့ကြသည်။

ထို့နောက် Calsome ကွေကာမှ ဝန်ထမ်းများနှင့် ကိုမောင်မောင်အေး (Dream Boat) အဖွဲ့က ကျောင်းသားကျောင်းသူများနှင့် ဧည့်ပရိသတ်များအား Calsome ကွေကာသီချင်းများနှင့် ဆင်၊ ကျားသစ်၊ ယုန်အရုပ်များဖြင့် ကပြဖျော်ဖြေခြင်း၊ ကျောင်းသားကျောင်းသူများ ကိုယ်တိုင်ပါဝင် ဆော့ကစားစေသော ကစားနည်းများဖြင့် ပြိုင်ပွဲများကျင်းပပေးပြီး အမှတ်တရ ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကာ အခမ်းအနား တက်ရောက်လာကြသူများအား Calsome ကွေကာထုပ်များကို လက်ဆောင်အဖြစ် ဝေငှခဲ့ကြသည်။

အဆိုပါ ဘုရားကြီးကျေးရွာ မင်္ဂလာပရဟိတသင်တန်းကျောင်းတွင် တက္ကသိုလ်ကျောင်းသားကျောင်းသူ ၁၂ဦး၊ တက္ကသိုလ်ဝင်တန်း ၈၃ဦး၊ နဝမတန်း ၇၃ဦး၊ အလယ်တန်း ၁၉၇ဦးနှင့် မူလတန်း ၁၄၅ဦး စုစုပေါင်း ၅၁၀ကို စောင့်ရှောက်ပညာသင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ်(၉)ထုတ်ဝေဖြန့်ချီ

*ရန်ကုန် ဩဂုတ် ၃၀*

*မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း ဒေသကြီး)သည် ရန်ကုန်မြို့တွင် လူဦးရေ ၆ ဒသမ ၆ သန်းကျော်ရှိသည့်အနက် ခရီးသွားလျက်ရှိသော ရန်ကုန်ခရီးသွားလူထု ၃ ဒသမ ၄ သန်းမှ ခရီးသည် နှစ်သန်း ခရီးသွားလာမှုအဆင်ပြေစေရန် ယာဉ်လိုင်းပေါင်း ၁၃၀တွင် ကားအစီး ၁၉၀၀ တို့ဖြင့် ခရီးသည်များ ဘေးမသီရန်မခ လိုရာခရီးကို သတ်မှတ်ယာဉ်စီးခနှုန်းထားဖြင့် စိတ်ချလက်ချသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်ခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်ရန်၊ ယာဉ်တိုက်မှုများလျော့နည်းပပျောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက်ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် နှစ်နှစ်ပြည့် အထူးထုတ်အတွဲ(၃)၊ အမှတ်(၉)ကို ဩဂုတ် ၂၈ ရက်က ထုတ်ဝေဖြန့်ချိလိုက်သည်။*

### *ပါဝင်*

*ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် မောင်သန်းယု၊ မြင်းမူမောင်နိုင်မိုး၊ ဝင်းယုမောင်တို့၏ကဗျာများ၊ မကြွယ်ကြွယ်၊ ခင်မြန်မာတို့၏ ကလေးလူငယ်ကဏ္ဍ၊ ဇော်မင်းကြီး၊ ရွှေကိုဦး၊ ဇေကန်တို့၏ ခရီးသွားကာတွန်းကဏ္ဍ၊ အရှင်ပါမောက္ခ (ကြို့ပင်ကောက်)၊ ဓမ္မာစရိယ ဦးခင်မောင်၊ တက္ကသိုလ်တင်ခ၊ မြတ်ဆွေ၊ လယ်တွင်းသားစောချစ်၊ တက္ကသိုလ်လှကြွယ်၊ မောင်ခင်မင် (ဓနုဖြူ)၊ ပြည်စိုး၊ ရေကျော်စိုးအောင်၊ ဦးမြင့်စိုး (အနုပညာ)၊ ဒေါက်တာဒေါ်စိုးသူ၊ မောင်မောင်(ယထ)၊ အောင်ချိန်ဘွား၊ မောင်မြတ်မွန်(ဆူးလေ)၊ ဆောင်းဝင်းလတ်၊ ရွှေကျွန်းခိုင်သစ်၊ မျိုးမြင့် (လှည်းကူး)၊ ဆူးသစ်နီ၊ ကျိုက်လတ်မိုးမြင့်၊ မယ်ကချင် (ဗန်းမော်)တို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ရန်ကုန်ခရီးသွားဂျာနယ်အယ်ဒီတာ၏ ခရီးသွားသတင်းများ၊ ကျော်ဌေး(ဘီအေစီ)၏ ရန်ကုန်ခရီးသွားဂျာနယ် နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ခင်မောင်တိုး (မိုးမိတ်)၏ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာကဏ္ဍများ ပါဝင်သည်။*

### *ဆက်သွယ်နိုင်*

*ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ် ၄၇၄ သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။*

*(သတင်းစဉ်)*

**သတိပေး နှိုးဆော်ချက်**

***နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။***

*နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ*

# သူနာပြုတက္ကသိုလ်(ရန်ကုန်) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃၀

သူနာပြုတက္ကသိုလ်(ရန်ကုန်) ယခင် သူနာပြုသင်တန်းကျောင်း၌ ၁၉၈၅-၁၉၈၈ခုနှစ်အထိ တက်ရောက်ခဲ့ကြသော သူငယ်ချင်းများစုပေါင်း၍ မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာလ ၂၄ရက်တွင် ကျင်းပမည်ဖြစ်သည်။

### လှူဒါန်းပေးပို့နိုင်

ပူဇော်ပွဲအခမ်းအနားသို့ အနယ်နယ် အရပ်ရပ်ရှိ သူငယ်ချင်းများအားလုံး ပြန်လည်တွေ့ဆုံ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အကြံဉာဏ်များ၊ အလှူငွေများကို- ဒေါ်စန်းစန်းဝေ (Y.G.H) ဖုန်း-၀၁-၇၃၀၀၅၂၉၆၊ ၀၁-၂၂၂၂၇၀၊ ဒေါ်ခင်ခင်ညို (Y.G. H) ဖုန်း-၀၁-၃၉၇၀၉၅၊ ၀၉-၅၀၁၈၇၄၃၊ ဒေါ်စွဲမိုးမိုးအေး(Y.G.H) ဖုန်း-၀၁-၇၁၀၀၃၀၊ ၀၁-၂၂၀၈၇၅၊ ဒေါ်ဥမ္မာလွင် (T.G.I) ဖုန်း-၀၁-၂၂၀၆၉၅၊ ၀၉-၅၀၉၄၄၉၃၊ ဒေါ်ထုရှုန် (T.G.I) ဖုန်း-၀၁-၅၃၇၅၂၆၊ ၀၉-၅၁၆၉၄၀၉၊ ဒေါ်ဝင်းဝင်းစိုး (N.OAKKALA) ဖုန်း-၀၁-၇၃၀၁၀၅၈၄ ၊ ဒေါ်တင်မိ(EAST) ဖုန်း-၀၉-၅၄၀၆၂၈၀၊ ဒေါ်တွန်အိယန်း (M.D.Y) ဖုန်း-၀၉-၅၁၉၇၆၆၁၊ ဒေါ်ပပဝင်း ဖုန်း-၀၁-၅၀၀၁၀၆ ၊ ဒေါ်သီသီဦး ဖုန်း-၀၁-၅၄၁၄၃၂ ၊ ဦးအောင်နေလင်း-ဒေါ်ချိုချိုစိန် ဖုန်း-၀၁-၅၀၀၃၄၈ ၊ နော်မိုရင်း ဖုန်း-၀၁-၅၈၆၇၈၃၊ ဒေါ်သိန်းသိန်းဝင်း ဖုန်း-၀၉-၅၅၀၆၅၁၉၊ ဒေါ်မြင့်မြင့်ငုံ ဖုန်း-၀၁-၇၃၀၃၃၉၁၁၊ ဒေါ်စွဲ ခင်မာဝင်း ဖုန်း-၀၉-၅၁၈၂၆၂၆၊ ဒေါ်သန်းသန်းဝင်း ဖုန်း-၀၁-၇၃၀၀၃၃၅၉နှင့် ဒေါ်သန်းသန်းညို ဖုန်း ၀၁-၆၅၃၆၀၆ တို့သို့ စက်တင်ဘာလကုန်နောက်ဆုံးထား၍ လှူဒါန်းပေးပို့နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

# (၆၂)ကြိမ်မြောက် Emmy ရုပ်ရှင်ထူးချွန်ဆုပေးပွဲမြင်ကွင်း‥‥

မိုးမြင့်လင်းလက်

ဝါရှင်တန် ဩဂုတ် ၃၀

**(၆၂)ကြိမ်မြောက် Primetime Emmy Award ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ ဩဂုတ် ၂၉ရက်က ကျင်းပခဲ့ရာ ပရိသတ်မျှော်လင့်မထားသည့် သရုပ်ဆောင်များနှင့် ဇာတ်ကားများ ရွေးချယ်ခြင်းခံခဲ့ရသည်။**

**စတင်ကျင်းပ**

၁၉၄၉ခုနှစ်မှ စတင်ကာ နှစ်စဉ် ကျင်းပခဲ့သည့် အမေရိကန်ရုပ်ရှင် အနုပညာချီးမြှင့်ပွဲဖြစ်သော Emmy ရုပ်ရှင်ဆုချီးမြှင့်ပွဲကို ကျင်းပလာခဲ့သည်မှာ ၆၂နှစ် ရှိခဲ့ပြီဖြစ်သည်။ ယခု (၆၂)ကြိမ်မြောက် ဆုချီးမြှင့်ပွဲအတွက် ၂၀၀၉ခုနှစ် ဇွန် ၁ရက်မှ ၂၀၁၀ခုနှစ် မေ ၃၁ရက်အတွင်း ထုတ်လုပ်ခဲ့သော ရုပ်ရှင်ကားများနှင့် ပါဝင်သရုပ်ဆောင်ခဲ့သော အနုပညာရှင်များအား ရွေးချယ်ကာ ဆုချီးမြှင့်ခြင်းလည်း ဖြစ်သည်။



**ချီးမြှင့်**

ယခုနှစ် (၆၂)ကြိမ်မြောက် Emmy ရုပ်ရှင်ဆုချီးမြှင့်ပွဲ၌ အကောင်းဆုံး ဟာသဇာတ်မြူး ရုပ်ရှင်ကားဆုကို Modern Family က ရရှိခဲ့သည်။ အကောင်းဆုံး ဒရာမာ ရုပ်ရှင်ကားဆုကို Mad Men ရုပ်ရှင်ဇာတ်ကားက ဆွတ်ခူးရရှိခဲ့ပြီး အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို Modern Family ဇာတ်ကားက ရရှိခဲ့သည်။

**အမျိုးသမီးသရုပ်ဆောင်ဆု**

အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုကို Breaking Bad ဒရာမာရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အယ်ဒီဖာလ်ကို ဆွတ်ခူးရရှိခဲ့သည်။ ဖာလ်ကိုသည် ၁၉၆၃ခုနှစ် ဇူလိုင် ၅ရက်တွင် နယူးယောက်မြို့၌ မွေးဖွားခဲ့သူဖြစ်ရာ အသက် ၄၇နှစ်အရွယ်ရှိပြီ ဖြစ်သည်။ ၁၉၉၄ခုနှစ်က Bullets Over Broadway ရုပ်ရှင်ဇာတ်ကားဖြင့် အောင်မြင်ကျော်ကြားခဲ့သူလည်းဖြစ်သည်။ ရုပ်ရှင်ရွှေကမ္ဘာလုံးဆု၊ Emmy ဆု၊ အက်စ်အေဂျီဆုများ ဆွတ်ခူးရရှိခဲ့သည်။ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၀၀ခန့် ရိုက်ကူးခဲ့သူဖြစ်ပြီး ပြိုင်ဘက်အမျိုးသမီးသရုပ်ဆောင်များအနက် အောင်မြင်မှုအရဆုံး ရုပ်ရှင်သရုပ်ဆောင်တစ်ဦးလည်း ဖြစ်သည်။

**ဆုချီးမြှင့်**

**အကောင်းဆုံး အမျိုးသမီး Emmy ရုပ်ရှင်ထူးချွန် ဆုရသူ အယ်ဒီဖာလ်ကိုအား ဆုချီးမြှင့်စဉ်။**

**ဒါရိုက်တာဆု**

(၆၂)ကြိမ်မြောက် Emmy ရုပ်ရှင်ဆုချီးမြှင့်ပွဲတွင် အကောင်းဆုံးဒါရိုက်တာဆု ရရှိသွားသူမှာ စတိဗ်ရှယ်ဖြစ်သည်။ စတိဗ်ရှယ်သည် Dexter ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့ရာတွင် ထူးချွန်ပြောင်မြောက်ခဲ့သဖြင့် ယခုကဲ့သို့ အကောင်းဆုံးဒါရိုက်တာဆုချီးမြှင့်ခံရခြင်း ဖြစ်သည်။ စတိဗ်ရှယ်သည် အသက် ၄၈နှစ်အရွယ်ရှိပြီး အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သားဖြစ်သည်။ လိဒ်တက္ကသိုလ်၌ အနုပညာအဓိကဖြင့် ဘွဲ့ရရှိခဲ့သူဖြစ်ပြီး ငယ်စဉ်ကပင် အနုပညာလုပ်ငန်းများကို ဝါသနာပါခဲ့သူဖြစ်သည်။ ပန်းချီ ဓာတ်ပုံတို့ ရေးဆွဲရိုက်ကူးခြင်းကိုလည်း နှစ်သက်သူဖြစ်ပြီး ကျွမ်းကျင်မှုလည်းရှိသည်။ ထို့အပြင် ဇာတ်ညွှန်းများကိုလည်း ရေးသားနိုင်သူ ဖြစ် ပြီး ရုပ်ရှင်ဒါရိုက်တာ၊ ပြဇာတ်ဒါရိုက်တာ အဖြစ်လည်း တစိုက်မတ်မတ် ဆောင်ရွက်နိုင်ခဲ့သူဖြစ်သည်။



**ဂျမ်ပါဆင်**

**The Big Bans Theory ဇာတ် ကား ဖြင့် အ ကောင်း ဆုံး အမျိုးသား သရုပ်ဆောင်ဆု ဆွတ်ခူး သွားသော ဂျမ်ပါ ဆင်မှာ Emmy ဆုကို အနမ်းပေး လျက်‥‥။**

ဗြိတိန်၊ အမေရိကန်၊ အီတလီ၊ ဟန်ဂေရီနှင့် ဘော့စနီးယားနိုင်ငံတို့တွင် သွားရောက်ကာ သူ၏ ပြဇာတ်များကို ဒါရိုက်တာအဖြစ် ကြီးကြပ်စီစဉ် တင်ဆက်ခဲ့သူဖြစ်သည်။ ၁၉၉၃ခုနှစ်နှင့် ၁၉၉၉ခုနှစ်တို့တွင် အကောင်းဆုံး ဒါရိုက်တာဆုများ ရရှိခဲ့သူလည်း ဖြစ်သည်။

**အမျိုးသားသရုပ်ဆောင်ဆု**

အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကို The Big Bans Theory ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သူ ဂျမ်ပါဆင်က ဆွတ်ခူးရရှိခဲ့သည်။ ဂျမ်ပါဆင်သည် အသက်၃၇နှစ်ရှိပြီး အမေရိကန်နိုင်ငံ ဟူစတန်မြို့သား ဖြစ်သည်။ ဟူစတန် တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သူဖြစ်ပြီး ၁၉၉၀ပြည့်နှစ်မှစတင်ကာ သရုပ်ဆောင်လောကအတွင်း စတင်ဝင်ရောက်ခဲ့သူဖြစ်သည်။ ဖခင်ဖြစ်သူမှာ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သော်လည်း အနုပညာအလုပ်ကိုသာ ရွေးချယ်လုပ်ကိုင်ခဲ့သည်။ ၂၀၀၁ခုနှစ်၌ ဖခင်ဖြစ်သူ ယာဉ်မတော်တဆဖြစ်ပြီး သေဆုံးခဲ့သော်လည်း စီးပွားရေးလုပ်ငန်းထက် အနုပညာအလုပ်ကိုပင် ဆက်လက်လုပ်ကိုင်ခဲ့သူဖြစ်သည်။ ဂျမ်ပါဆင်သည် ၂၀၀၉ခုနှစ်ကလည်း Emmy ရုပ်ရှင်ဆုချီးမြှင့်ပွဲ၌ သရုပ်ဆောင်ဆု ရရှိခဲ့ဖူးသူလည်းဖြစ်ရာ အနုပညာအပေါ် စိတ်အားထက်သန်စွာဖြင့် လုပ်ကိုင်နေသူဖြစ်ပါကြောင်း။ ။

**(အင်တာနက်)**



**Dexter ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံး ဒါရိုက်တာဆု ရရှိသွားသော စတိဗ်ရှယ်အား Emmy ရုပ်ရှင်ထူးချွန်ဆုနှင့်အတူ‥‥။**

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

**(၆၂)ကြိမ်မြောက် Emmy ရုပ်ရှင် ထူးချွန်ဆု ပေးပွဲတွင် သတင်းဓာတ်ပုံ ရိုက်နေကြသော သတင်းထောက်များ။**



မြန်မာ့အလင်း နိုင်ငံတကာမှခင်း

➤ ကောင်းမြတ်သူ-ရေးသားသည် ➤

# တိုင်တန်းနစ်မင်းသားလီယိုနာဒိုကို ရိုက်နက်ခဲ့သည့် အမျိုးသမီး စက်တင်ဘာ ၉ရက်တွင် တရားရင်ဆိုင်ရမည်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၃၀

**ကမ္ဘာကျော်တိုင်တန်းနစ်မင်းသား လီယိုနာဒိုဒီကာပရီယိုကို ၂၀၀၅ခုနှစ်က ဟောလိဝုဒ်ပါတီပွဲတစ်ခုမှာ ပုလင်းနဲ့ရိုက်နှက်ပြီး သေစေနိုင်လောက်အောင် ထိုးသတ်ခဲ့တဲ့ အမျိုးသမီးတစ်ဦးကို လော့စ်အိန်ဂျလိစ်မြို့မှာ လာရောက်တရားရင်ဆိုင်ဖို့ ဩဂုတ် ၂၇ရက်က အမိန့်ထုတ်လိုက်ပါတယ်။**

အဲဒီအမျိုးသမီးကတော့ အသက် ၄၀ အရွယ်ရှိ အရီသာဝီလ်ဆင်ပဲဖြစ်ပါတယ်။ သူဟာ ရုပ်ရှင်သရုပ်ဆောင်တစ်ဦး မဟုတ်ပေမယ့် ဟောလိဝုဒ်သရုပ်ဆောင်တွေနဲ့ အကျွမ်းတဝင်ရှိတဲ့ အမျိုးသမီးတစ်ဦးဖြစ်ပါတယ်။ သူမရဲ့ရှေ့နေတွေကတော့ လီယိုနာဒိုရဲ့ စွပ်စွဲချက်တွေနဲ့ပတ်သက်ပြီး ရက်ပေါင်း ၆၀အတွင်းမှာ လာရောက် တရားရင်ဆိုင်မယ်လို့ ဆိုပါတယ်။

တိုင်တန်းနစ်မင်းသား လီယိုနာဒိုဟာ အမှန်တကယ်ပဲ အဲဒီအချိန်က ပုလင်းနဲ့ ရိုက်နှက် ထိုးသတ်ခံရတယ်ဆိုတာ သူ့ရဲ့ မှုခင်းဆိုင်ရာဓာတ်ပုံတွေက သက်သေပြနေပါတယ်လို့ လော့စ်အိန်ဂျလိစ်မြို့တရားရုံးတစ်ရုံးရှိ တရားသူကြီးတစ်ဦးက ဆိုပါတယ်။ ဓာတ်ပုံထဲမှာ လီယိုနာဒိုဟာ မျက်နှာနဲ့ လည်ပင်းမှာ ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရသွားပါတယ်။ ဒီလို ဒဏ်ရာရခဲ့တဲ့အတွက် မျက်နှာနဲ့နားဝန်းကျင်မှာ ချုပ်ရိုးပေါင်း တစ်ဒါဇင်လောက်ရှိနေတယ်လို့ ဆိုပါတယ်။

လီယိုနာဒိုက အဲဒီတုန်းက ပါတီပွဲက အပြန် ညအမှောင်ထဲမှာ တိုက်ခိုက်ခံရတာဖြစ်လို့ မည်သူမည်ဝါက တိုက်ခိုက်တယ်ဆိုတာ သဲသဲကွဲကွဲ မသိခဲ့ရပါဘူးလို့ ဆိုပါတယ်။ နောက်တော့မှ သက်ဆိုင်ရာ မှုခင်းရဲတွေနဲ့ စုံစမ်းတဲ့အခါ မစ္စစ်ဝီလ်ဆင်ဆိုတာ သိခဲ့ရတယ်လို့ ဆိုပါတယ်။

**မှားယွင်းတိုက်ခိုက်**

ရဲတွေရဲ့ စုံစမ်းဖော်ထုတ်ချက်အရ မစ္စစ်ဝီလ်ဆင်က သူမရဲ့ချစ်သူဟောင်းနဲ့ လီယိုနာဒိုကို မှားယွင်းတိုက်ခိုက်မိခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီတုန်းကသူမဟာ ဟောလိဝုဒ်နာမည်ကျော်မင်းသမီး ပဲရစ်ဟီလ်တန် (ဩဂုတ် ၂၈ရက်က မူးယစ်ဆေးလက်ဝယ်ရှိမှုအဖမ်းခံရသူ) ရဲ့ချစ်သူဟောင်း ရစ်ဆလိုမွန် တည်ခင်းတဲ့ညစာစားပွဲမှာ တက်ရောက်ခဲ့တယ်လို့ဆိုပါတယ်။ သူမဟာ အမှန်တကယ်ပဲ လီယိုနာဒိုကို သေစေနိုင်လောက်အောင် ရိုက်နှက်ထိုးသတ် တိုက်ခိုက်ခဲ့တာ မှန်ရင် ထောင်ဒဏ်ခုနစ်နှစ်အထိ ကျနိုင်တယ်လို့ ရှေ့နေတွေက ဆိုပါတယ်။

မစ္စစ်ဝီလ်ဆင်ဟာ လီယိုနာဒိုရဲ့အမှုဖွင့်တိုင်ကြားခဲ့ပြီးနောက် ကနေဒါနိုင်ငံကို ထွက်ပြေး တိမ်းရှောင်နေပါတယ်။ ဒါပေမယ့် သူမဟာ ပြီးခဲ့တဲ့လက အမေရိကန်ကို ပြန်ရောက်လာပါတယ်။ လာမယ့် စက်တင်ဘာ ၉ရက်မှာ အဲဒီအမှုနဲ့ ပတ်သက်ပြီး လော့စ်အိန်ဂျလိစ်မြို့ တရားရုံးမှာ တရားရင်ဆိုင်ဖို့ ခေါ်ထားကြောင်း သိရပါတယ်။



**တိုင်တန်းနစ်မင်းသား လီယိုနာဒိုဒီကာပရီယို။**

**အောင်မြင်မှုမှတ်တိုင်**

လီယိုနာဒိုဟာ တိုင်တန်းနစ်ရုပ်ရှင်ကားနဲ့အတူ တစ်ဟုန်ထိုးနာမည်ကြီးလာတဲ့ ဟောလိဝုဒ်သရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။ သူဟာ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သားဖြစ်ပါတယ်။ သူ့ကို ၁၉၇၄ခုနှစ် နိုဝင်ဘာ ၁၁ရက်မှာမွေးဖွားခဲ့ပါတယ်။ သူ့အမေက ဂျာမန်လူမျိုး အီမာလင်ဖြစ်ပြီး အဖေကတော့ အီတလီလူမျိုးဂျော့ချ် ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ သဘောထားချင်းမတိုက်ဆိုင်ခဲ့လို့ လီယိုနာဒိုကို မွေးဖွားပြီး တစ်နှစ်အကြာမှာ ကွာရှင်းခဲ့တယ်လို့ ဆိုပါတယ်။ သူဟာ ရုပ်ရှင်နယ်ပယ်ထဲကို ၁၉၉၀ပြည့်နှစ်လောက်မှာ စဝင်ခဲ့တယ်လို့ဆိုပါတယ်။ ၁၉၉၇ခုနှစ်မှာ ရိုက်ကူးပြသခဲ့တဲ့ တိုင်တန်းနစ် ရုပ်ရှင်ကားကြီးဟာ လီယိုနာဒိုအတွက်တော့ အောင်မြင်မှုမှတ်တိုင်တစ်ခုပါပဲ။ အဲဒီရုပ်ရှင်ဇာတ်ကားကြီးဟာ ကမ္ဘာ့ဝင်ငွေအရဆုံး ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်လာခဲ့ပါတယ်။ အဲဒီဇာတ်ကားအပြင် ၁၉၉၆ခုနှစ်က ရိုက်ကူးပြသခဲ့တဲ့ ရိုမီယိုနဲ့ ဂျူးလိယက် ရုပ်ရှင်ဇာတ်ကားဟာလည်း အလွန်လူကြိုက်များခဲ့တဲ့ ရုပ်ရှင်ကားတစ်ကားဖြစ်ခဲ့ပါတယ်။ သူဟာ ယခုအထိ ရုပ်ရှင်ကားကြီးပေါင်း ၃၀ကျော်လောက် ရိုက်ကူးခဲ့ပြီး ဖြစ်ပါတယ်။

တိုင်တန်းနစ် ရုပ်ရှင်ကားကြီးဟာ တကယ့်ဖြစ်ရပ်မှန်ကို ရိုက်ကူးပြသခဲ့ခြင်းကြောင့် ကမ္ဘာကျော်ရုပ်ရှင်ကားကြီး ဖြစ်ခဲ့ပါတယ်။

တိုင်တန်းနစ်လို့ အမည်ပေးထားတဲ့ သင်္ဘောကြီးဟာ ဇိမ်ခံသင်္ဘောကြီးဖြစ်ပါတယ်။ အဲဒီခေတ်က ချမ်းသာကြွယ်ဝသူတွေ၊ ငွေကြေးပြည့်စုံသူတွေသာ စီးနိုင်တဲ့ ဇိမ်ခံ အပျော်စီးသင်္ဘောကြီးဖြစ်ပါတယ်။ ဒီသင်္ဘောကြီးဟာ ၁၉၁၂ခုနှစ် ဧပြီ ၁၀ ရက်မှာ အင်္ဂလန်နိုင်ငံ ဆောက်သမ်ပတန်မြို့မှ နယူးယောက်မြို့သို့ ထွက်ခွာလာခဲ့ပါတယ်။ သင်္ဘောထွက်ခွာပြီး လေးရက်မြောက်တဲ့ ဧပြီ ၁၄ရက်ည ၁၁နာရီ မိနစ် ၄၀မှာတော့ တိုင်တန်းနစ်သင်္ဘောကြီးဟာ မမျှော်လင့်ဘဲ ရေခဲတောင်တစ်ခုနဲ့ တိုက်မိခဲ့ပါတယ်။ တိုက်မိပြီး ၂နာရီနဲ့ မိနစ် ၄၀အကြာမှာ တိုင်တန်းနစ်သင်္ဘောကြီး လုံးဝရေအောက်သို့ ရောက်ရှိသွားခဲ့ပါတယ်။ သင်္ဘောပေါ်က လူ့အသက်ပေါင်း ၇၀၅ဦးကို ကယ်တင်နိုင်ခဲ့ပြီး ခရီးသည် ၁၅၂၂ဦးနဲ့ သင်္ဘောသားတွေ အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဒီတကယ့်ဖြစ်ရပ်မှန်ကို ရုပ်ရှင်ရိုက်ကူးခဲ့ရာမှာ လီယိုနာဒိုက အကောင်းဆုံး သရုပ်ဆောင်နိုင်ခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ် ဟောလိဝုဒ်သရုပ်ဆောင် လီယိုနာဒိုရဲ့ ပုလင်းနဲ့ရိုက်နှက် တိုက်ခိုက်ခံရတဲ့ မှုခင်းရေးရာနဲ့ ပတ်သက်ပြီး ပရိသတ်များက စိတ်ဝင်တစား စောင့်ကြည့်နေကြရဦးမှာ ဖြစ်ပါတယ်။ ။

**ကိုးကား-အင်တာနက်**

# မန်ယူအတွက် ရို့ဒ်ဝဲလ်တဲ့လား . . . .

စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ

လန်ဒန် ဩဂုတ် ၃၀

**ကွင်းလယ်ကစားအား ထက်မြက်ဖို့အတွက် ပြောင်းလဲမှုတစ်ရပ်အဖြစ် ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်ကို ထုတ်ရောင်းပြီး အဲဗာတန်လူငယ်ကစားသမား ရို့ဒ်ဝဲလ်ကို ခေါ်ယူဖို့ မန်ယူနည်းပြကြီးဖာဂူဆန်က ဆုံးဖြတ်လိုက်ပြီဖြစ်ပါတယ်။**

## ဆွေးနွေး

အဲဗာတန်ကလပ်က တာဝန်ရှိသူတွေနဲ့ ဆွေးနွေးပြီးတဲ့အခါ သဘောတူညီမှုတွေ ရရှိခဲ့ပြီဖြစ်တာမို့ ဩဂုတ် ၃၁ရက် **(ယနေ့)**မှာ အပြီးသတ်စာချုပ်တွေ ချုပ်ဆို



**မန်ယူက ခေါ်ယူမည့် အဲဗာတန်လူငယ် ကစားသမား ရို့ဒ်ဝဲလ်။**

တော့မှာ ဖြစ်ပါတယ်။ တကယ်တော့ ရို့ဒ်ဝဲလ်ကို အဲဗာတန်အသင်းမှ တာဝန်ရှိသူတွေက မရောင်းလိုပါဘူး၊ အဲဗာတန်အသင်း ကွင်းလယ်အတွက် တကယ့်ကို အားထားရတဲ့ လူငယ်ကစားသမားတစ်ဦး ဖြစ်နေလို့ပါပဲ။

ဖာဂူဆန်ဟာ ရို့ဒ်ဝဲလ်ကစားခဲ့တဲ့ ပွဲတိုင်းကို သေသေချာချာ လိုက်ပါကြည့်ရှုခဲ့ပြီးမှ အခုလိုဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ အားနည်းနေတဲ့ မန်ယူကွင်းလယ်ကို လူငယ်ခြေစွမ်း ထက်မြက်သူတွေနဲ့ အမြန်ဆုံးအစားထိုးဖို့အတွက် အခုလိုစီစဉ်ခဲ့တာ ဖြစ်ပါတယ်။ အားထားရတဲ့ ကွင်းလယ်ကစားသမား ပေါလ်စခိုးကလည်း အသက် ၃၅နှစ်ရှိနေပြီဖြစ်တာမို့ မဖြစ်မနေ အခုလိုဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်လို့ ဖာဂူဆန်က ပြောကြားနေပါတယ်။

## သုံးသပ်ထား

အသက် ၁၉နှစ်သာရှိသေးတဲ့ ရို့ဒ်ဝဲလ်ကို ခေါ်ယူဖို့အတွက် မန်ယူကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်အပြင် ငွေကြေးပေါင် ၁၀သန်း ပေးရမှာဖြစ်ပါတယ်။ မိုက်ကယ်ကာရစ်ဟာ မန်ယူအတွက် ပွဲပေါင်း ၁၉၀ ကစားပေးခဲ့သူဖြစ်ပြီး စုစုပေါင်း ၁၇ဂိုး သွင်းပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ ကွင်းလယ် ကစားအားကောင်းပေမယ့် ဘောလုံးဖြန့်ဝေမှုနဲ့ တိုက်စစ်ကို ပံ့ပိုးပေးမှုအပိုင်းမှာ အားနည်းချက်ရှိသူ တစ်ဦးပါပဲ။ ကာရစ်ဟာ အသင်းအတွက် အကျိုးပြုသူ၊ ခြေစွမ်းပြသူတစ်ဦးလို့တော့ ဖာဂူဆန်က မှတ်ချက်ပြုထားပါတယ်။ ဒါပေမယ့် ကာရစ်ဟာ အသက် ၂၉နှစ်ရှိပြီဖြစ်တာမို့ သူ့ရဲ့အားထုတ်မှုနဲ့ တိုးတက်မှုတွေဟာ ထက်မြက်ထိရောက်မှု နည်းလာပြီလို့ မန်ယူရဲ့ တာဝန်ရှိသူတွေက သုံးသပ်ထားပါတယ်။

## ဖြည့်ဆည်းပေးနိုင်

မန်ယူအတွက် အားလျော့နည်းစ ပြုလာတဲ့ ကစားသမားတွေနေရာမှာ လူငယ်တွေနဲ့ ဖြည်းဖြည်းချင်း အစားထိုးဖို့ ကြိုးစားနေတဲ့ ဖာဂူဆန်ဟာ ရို့ဒ်ဝဲလ်နဲ့ ပတ်သက်ပြီး မျှော်လင့်ချက်တွေ ထားနေပါတယ်။ အဲဒါကတော့ ကွင်းလယ်မှာ နာနီနဲ့အတူ တွဲကစားနိုင်မယ့် လူငယ်ကစားသမားအဖြစ် ရရှိဖို့ပါပဲ။ ဒါ့အပြင် လူငယ်တွေကို ကွင်းလယ်မှာ ပွဲချိန်ပြည့်ထားပြီး ကစားနိုင်ရင် ကစားအားအတက်အကျကို အချိန်မရွေးထိန်းချုပ်လို့ ရနိုင်အောင် ဖြစ်ပါတယ်။ အဲဒီအချက်တွေကို ရို့ဒ်ဝဲလ်က ဖြည့်ဆည်းပေးနိုင်မယ်လို့ ဖာဂူဆန်က ယုံကြည်ထားပါတယ်။

## ရို့ဒ်ဝဲလ်

ရို့ဒ်ဝဲလ်ဟာ အသက် ခုနစ်နှစ်သား အရွယ်ကတည်းက အဲဗာတန်အသင်းအနေနဲ့ ငယ်မွေးခြံပေါက်လို ထားရှိပြီး ပြုစုပျိုးထောင်ခဲ့သူ ဖြစ်ပါတယ်။ အသက် ၁၆နှစ်မှာပဲ အဲဗာတန်အသင်းရဲ့ တရားဝင် ဘောလုံးသမားဖြစ်ခဲ့ပြီး ဥရောပပြိုင်ပွဲတွေမှာ အသင်းနဲ့အတူ ကွင်းလယ်တာဝန်ကို ယူခဲ့သူဖြစ်ပါတယ်။ အဲ့ဒီအချိန်က အသက် ၁၆နှစ်အရွယ်သာ ရှိသေးတာမို့ အဲဗာတန်အသင်းသမိုင်းမှာ အသက်အငယ်ဆုံး ဘောလုံးသမားတစ်ဦးပါပဲ။ အသက် ၁၇နှစ်အရွယ်ကတည်းက အဲဗာတန်အသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ်တွေမှာ ပါဝင်ကစားပြီး ခြေစွမ်းပြခဲ့သူပါပဲ။ ပြီးခဲ့တဲ့ဘောလုံးရာသီက မန်ယူနဲ့ အဲဗာတန်တို့ပွဲမှာ မန်ယူကို တစ်ဂိုးသွင်းယူခဲ့တဲ့ ကစားသမားဖြစ်ပါတယ်။

## စောင့်ကြည့်

အသက် ၁၉နှစ်အရွယ်သာ ရှိသေးတဲ့ ရို့ဒ်ဝဲလ်ရဲ့ အပြောင်းအရွှေ့ပြီးမြောက်အောင်မြင်သွားမယ်ဆိုရင်တော့



**ရို့ဒ်ဝဲလ်နှင့် အလိုက်ပေးလဲလှယ်မည့် မန်ယူ ကစားသမား မိုက်ကယ်ကာရစ်။**

မန်ယူရဲ့ ကစားသမားအဖြစ် ဘယ်လိုစွမ်းဆောင်ပြနိုင်မလဲဆိုတာ စောင့်ကြည့်ကြရမှာဖြစ်ပါတယ်။ ။

**(အင်တာနက်)**

# စပိန်လာလီဂါ ကန့်လန့်ကာအဖွင့် နည်းပြမော်ရင်ဟို မပျော်ရွှင်နိုင်ခဲ့

အာကာကျော် - ရေးသားသည်

**မက်ဒရစ် ဩဂုတ် ၃၀**

စပိန်လာလီဂါဘောလုံးပွဲစဉ်များကို ဩဂုတ် ၂၉ရက် ညပိုင်းက စတင်ဖွင့်လှစ်ခဲ့ရာ လက်ရှိချန်ပီယံဘာစီလိုနာက ရေးစင်းဆန်တင်ဒါအသင်းကို ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သော်လည်း မော်ရင်ဟို၏ ရီးရဲမက်ဒရစ်အသင်းက မာလော့ကာအသင်းကို ဂိုးမရှိသရေ ဖြစ်ခဲ့သည်။



**ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟို (ဝဲ) အား တွေ့ရစဉ်။**
(အင်တာနက်ဓာတ်ပုံ)

## စိတ်ပျက်

ရီးရဲမက်ဒရစ်တိုက်စစ်မှူးများအနေဖြင့် အဆုံးသတ်မပိုင်နိုင်သည့်အတွက် အလွန်ဝမ်းနည်းမိကြောင်း၊ စိတ်ပျက်ဖွယ်ကောင်းကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားသည်။

## ပြောကြား

မိမိတို့အနေဖြင့် ကစားသမားများနှင့်ပိုပြီးလေ့ကျင့်ဖို့ လိုကြောင်း၊ ပြီးခဲ့သည့်နှစ်က ရီးရဲမက်ဒရစ်ဖလားမရခဲ့ခြင်းမှာ ဘာစီလိုနာနောက်က အမှတ်ပြတ်နေခဲ့၍ ဖြစ်ကြောင်း၊ ကစားသမားများအနေဖြင့် အဆုံးသတ်ဂိုး ပိုင်နိုင်စွာ သွင်းယူရန် လိုကြောင်း မော်ရင်ဟိုက ပြောကြားသည်။

## အနိုင်ရ

စပိန်လာလီဂါအဖွင့်တွင် ဘီဘာလ်အိုက ဟာကုလက်ကို တစ်ဂိုး-ဂိုးမရှိ၊ ဗလင်စီယာက မာလာဂါကို သုံးဂိုး-တစ်ဂိုး၊ ဆီဗီလာက လီဗန်တေးကို လေးဂိုး-တစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့ကြသည်။

ထို့အတူ အက်စ်ပန်ညိုက အိမ်ကွင်းတွင် ဂီတာဖေးလ်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ရီးရဲဆိုဆီဒက်က ဗီလာရီးရဲကို တစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။



**ဘာစီလိုနာအသင်းအတွက် ဒေးဗစ်ဗီလာက ဤသို့ ခေါင်းတိုက် ဂိုးသွင်းယူပေးခဲ့သည်။**
(အင်တာနက်ဓာတ်ပုံ)

## သရေပွဲ

သို့ရာတွင် ဒီပို့တီဗိုနှင့် ရီးရဲဇာရာဂိုဇာတို့ကစားရာတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ ထို့အတူ အိုဆာဆူနာနှင့် အယ်မေးနီးယားတို့ကစားရာတွင်လည်း ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ရသည်။

**(အင်တာနက်)**

❖ ကောင်းမြတ်သူ - ရေးသားသည် ❖

# ဘာကလေဂေါက်သီးပြိုင်ပွဲ ကူချာ ချန်ပီယံဖလားဆွတ်ခူး



**နယူးဂျာစီ ဩဂုတ် ၃၀**

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် ဖာရာမက်ဂေါက်ကွင်း၌ ကျင်းပသော ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီး ကစားသမား ကူချာက ကျင်းပိုကစားပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ကူချာနှင့် စကော့တလန် ဂေါက်သီးကစားသမား မာတင်လတ်တို့သည် စုစုပေါင်း ရိုက်ချက်ထက် ၁၂ချက်စီ လျှော့ရိုက်ခဲ့ကြသည်။ လျှော့ရိုက်ချက်တူနေသဖြင့် ကျင်းပိုကစားခဲ့ရာ အမေရိကန်ဂေါက်သီးကစားသမား ကူချာက အသာရပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ် ကစားသမား တိုက်ဂါးဝုဒ်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်သာ လျှော့ရိုက်နိုင်ခဲ့သည်။ **(အင်တာနက်)**



# ပေါ်တိုကစားသမား မီရီလက်စ် လီဗာပူးလေးနှစ်စာချုပ်

လန်ဒန် ဩဂုတ် ၃၀

ပေါ်တို ကွင်းလယ်ကစားသမား ရာအူးလ် မီရီလက်စ်အား လီဗာပူးက လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်သည်။

အနီရောင်လီဗာပူးက ပေါ်တူဂီ ကွင်းလယ်ကစားသမား မီရီလက်စ်အား ပေါင် ၁၁ ဒသမ ၅သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ခြင်းဖြစ်သည်။ ၎င်းအား လီဗာပူးမှ ဘာစီလိုနာသို့ ပြောင်းရွှေ့သွားသော မာရှေယာနို၏နေရာတွင် အစားထိုးမည်ဖြစ်ကြောင်း သိရသည်။

## ကစားရမည်

မီရီလက်စ်သည် နွေရာသီက အန်ဖီးလ်သို့ ပြောင်းရွှေ့လာသော ဂျိုဗန်နီဗစ်၊ ဂျိုကိုးလ်၊ ပေါလ်ဆင်၊ ရှယ်ဗေး၊ ဒန်နီဝီလ်ဆင်တို့နှင့်အတူ ကစားရမည် ဖြစ်သည်။ (အင်တာနက်)

# ယူရို ၂၀၁၂ ခြေစစ်ပွဲ ဒီဖိုးပါဝင်ကစားနိုင်မည်



လန်ဒန် ဩဂုတ် ၃၀

**စပါးတိုက်စစ်မှူးဒီဖိုးသည် လာမည့် အင်္ဂလန်အသင်း ယူရိုခြေစစ်ပွဲများအတွက် ကစားပေးရန် ကြွခိုင်မှု အပြည့်အဝရှိနေ၍ ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။**

**တိုက်စစ်မှူးဒီဖိုးသည် လွန်ခဲ့သော သီတင်းပတ်က ပေါင်ခြံခွဲစိတ်မည်ဖြစ်၍ အင်္ဂလန်အသင်း၏ ယူရိုခြေစစ်ပွဲများတွင် ပါဝင်မည်မဟုတ်ဟု ဆိုသည်။ သို့သော် ၎င်းဒဏ်ရာမှာ ခွဲစိတ်ရန် မလိုသေးကြောင်း၊ ယူရိုခြေစစ်ပွဲအတွက် ကစားပေးနိုင်မည်ဖြစ်ကြောင်း၊ သက်သာသွားပြီဖြစ်၍ ပြန်လည်ကစားရန် အသင့်ရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အင်္ဂလန်အသင်းသည် ယူရို ၂၀၁၂ ခြေစစ်ပွဲအဖြစ် စက်တင်ဘာ ၃ရက်တွင် ဘူလ်ဂေးရီးယားအသင်းနှင့် ကစားအပြီး စက်တင်ဘာ ၇ရက်၌ ဆွစ်ဇာလန်အသင်းနှင့် ဆက်လက်ကစားရန် စီစဉ်ထားသည်။** (အင်တာနက်)

# ကနေဒါ အိုးပင်းဂေါက်သီးပြိုင်ပွဲ မီရှယ်ဝီ ဖလားဆွတ်ခူး

**ဝင်းနီးပက် ဩဂုတ် ၃၀**



အမေရိကန် ဂေါက်သီးအားကစားမယ် မီရှယ်ဝီသည် ကနေဒါနိုင်ငံ ဝင်းနီးပက်၌ ယှဉ်ပြိုင်သည့် ကနေဒါအမျိုးသမီး အိုးပင်း ဂေါက်သီးပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၂ချက် လျှော့ရိုက်ပြီး ဖလားဆွတ်ခူးသွားသည်။

## ဆွတ်ခူး

မီရှယ်ဝီသည် အဆိုပါ ဖလားကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် တောင်ကိုရီးယားနိုင်ငံမှ ဂျာရိုင်ရှင်းက ဒုတိယလိုက်နေသည်။

**(အင်တာနက်)**

# ပလောသမ္မတနိုင်ငံဆိုသည်မှာ....

တိုး-ရေးသားသည်

ပလောသမ္မတနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းဒေသတွင် တည်ရှိသည်။ မီးတောင်နှင့် သန္တာကျွန်း ၂၀၀ကျော်ဖြင့် ဖွဲ့စည်းထားသည့် ကျွန်းစုနိုင်ငံဖြစ်သည်။ ကျွန်းအများအပြားကို တစ်ခုတည်းသော ကျောက်တန်းဖြင့် ကာကွယ်ပေးထားသည်။

အပူပိုင်းဒေသရေပိုင်နက်တွင် ရေနေသတ္တဝါအမျိုးမျိုးတို့ မှီတင်းပေါက်ဖွားသည်။ ထိုနိုင်ငံ၌ သဲဖြူပင်လယ်ကမ်းခြေမှ သစ်ပင်၊ ဝါးပင် ထူထပ်သည့် တောတောင်များအထိ သာမောဖွယ်ရှုခင်းကိုလည်း တွေ့မြင်ခံစားနိုင်သည်။

## ကြေညာ

ထိုနိုင်ငံသည် ၁၉၉၄ခုနှစ်တွင် လွတ်လပ်ရေးရရှိသည်။ နှစ်ပေါင်း ၄၇နှစ်လုံးလုံး အမေရိကန်နိုင်ငံက အုပ်ချုပ်ပေးရသည့် ကုလသမဂ္ဂအစောင့်ရှောက်ခံ နိုင်ငံဖြစ်ခဲ့ရသည်။ ၁၇၈၃ခုနှစ်တွင် အင်္ဂလိပ်မာလိန်မှူး ဟင်နရီဝီလ်ဆင်သင်္ဘောပျက်၍ သန္တာကျွန်းတစ်ကျွန်းပေါ်သို့ ရောက်လာပြီးနောက် ဥရောပတိုက်သားတို့ စတင်အခြေချသည်။ ၁၈၈၅ခုနှစ်တွင် စပိန်က ဤကျွန်းများကို သူပိုင်ကြောင်း ကြေညာသည်။

## လုပ်ကိုင်လာ

၁၈၉၉ခုနှစ်တွင် စပိန်က ပလောကျွန်းစုကို ဂျာမနီထံရောင်းလိုက်သည်။ ဂျာမနီက ဒေသခံတိုင်းရင်းသား အလုပ်သမားများကို ခိုင်းစေပြီး စတင်ကုပ်သွေးစုပ်သည်။ ဖော့စဖိတ်တူးဖော်ခြင်း၊ အုန်းစိုက်ပျိုးခြင်းလုပ်ငန်းများ လုပ်ကိုင်လာကြသည်။

၁၉၁၄ခုနှစ်တွင် ဂျာမနီတို့ ပထမကမ္ဘာစစ်ရှုံးသောအခါ ထိုနိုင်ငံကို ဂျပန်က သိမ်းသည်။ ကိုရာမြို့မှာလည်း အုပ်ချုပ်ရေးမြို့ဖြစ်လာသည်။ ဂျပန်လူမျိုး ၂၆၀၀၀အထိ တိုးလာသည်။ ၁၉၄၀-၁၉၄၅ခုနှစ်အတွင်း ဒုတိယကမ္ဘာစစ်ဖြစ်ချိန်၌ ဂျပန်ခံတပ်နှင့် ရေတပ်စခန်းတို့ကို မဟာမိတ်တို့က ပစ်မှတ်ထားတိုက်ခိုက်သည်။ ၁၉၄၇ခုနှစ်တွင် ထိုနိုင်ငံမှာ ကုလသမဂ္ဂအစောင့်ရှောက်ခံနိုင်ငံဖြစ်ကာ အမေရိကန်နိုင်ငံက အုပ်ချုပ်ရသည်။ ထိုနှစ်တွင်ပင် ပလောနှင့် မာရှယ်ကျွန်းစုတို့က မိုက်ခရိုနီးရှန်းနိုင်ငံတွင် မပါရန် ဆုံးဖြတ်သည်။ ၁၉၈၁ခုနှစ်တွင် ပလောသမ္မတနိုင်ငံဖြစ်လာသည်။ ဟာရူးရီမီလစ် သမ္မတ ဖြစ်လာသည်။ ၁၉၈၅ခုနှစ်တွင် သမ္မတရီမီလစ် လုပ်ကြံခံရသည်။

## ကုလသမဂ္ဂအဖွဲ့ဝင်

ထိုနှစ်တွင် ကဇာရပ်ဆာလီ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၈၈ ခုနှစ်တွင် သမ္မတဆာလီ ကွယ်လွန်၍ အက်ပီဆန်ရာထူးဆက်ခံသည်။ ၁၉၉၂ ခုနှစ်တွင် နာကာမူရာ သမ္မတအဖြစ် ရွေးချယ်ခံရပြီး ၁၉၉၆ခုနှစ်တွင် ထပ်မံရွေးချယ်ခံရသည်။ ၁၉၉၄ ခုနှစ်တွင် အမေရိကန်နိုင်ငံနှင့် လွတ်လပ်စွာ ဆက်ဆံရေးစာချုပ်အရ ပလောသမ္မတနိုင်ငံ လွတ်လပ်မှုအပြည့်အဝရရှိခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

## စတင်ပြောင်း

၂၀၀၀ ပြည့်နှစ် နိုဝင်ဘာရွေးကောက်ပွဲတွင် ဒုတိယသမ္မတဟောင်း တွမ်မီရီ မင်ဂီဆော သမ္မတဖြစ်လာသည်။ ၂၀၀၄ ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲတွင် ထပ်မံအရွေးခံရသည်။ ၂၀၀၆ခုနှစ် အောက်တိုဘာလတွင် မြို့တော်ကို ကိုရာမှ မီလီကော့သို့ စတင်ပြောင်းသည်။

၁၉၈၁ ခုနှစ်တွင် ပလောသမ္မတနိုင်ငံဖြစ်လာသော်လည်း ကုလသမဂ္ဂအစောင့်ရှောက်ခံဘဝတွင် ရပ်တည်ခဲ့သည်။ ၁၉၉၄ ခုနှစ်ရောက်မှ လွတ်လပ်ရေးရခြင်းဖြစ်သည်။ သို့သော် အမေရိကန်ထောက်ပံ့မှုပေါ်တွင် ရပ်တည်နေရဆဲဖြစ်သည်။ အမေရိကန်က ထိုနိုင်ငံ၏ ကာကွယ်ရေးကို တာဝန်ယူသည်။ အမေရိကန်စစ်စခန်းများလည်း ထားရှိသည်။

## တိုက်တွန်းပြောကြား

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မျက်ခြည်မပြတ်သတိထားလျက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းရန်လိုအပ်ကြောင်း သမ္မတတွမ်မီရီမင်ဂီဆောက တစ်ကျော့ပြန် ရွေးချယ်ခံရပြီးနောက် နှုတ်ဆော်လိုက်သည်။ အမှီခိုကင်းရေးကို ဦးစားပေးဆောင်ရွက်ရန်လည်း ၎င်းက တိုက်တွန်းပြောကြားသည်။




ဤနိုင်ငံက ကမ္ဘာလှည့်ခရီးသည်များကို အထူးဆွဲဆောင်နိုင်စွမ်းရှိအောင် ကြိုးပမ်းမည်ဟု သမ္မတမင်ဂီဆောက သန္နိဋ္ဌာန်ချထားသည်။ လောလောဆယ်တွင်မူ အများအပြားရောက်ရှိလာမည့် ကမ္ဘာလှည့် ခရီးသည်များအတွက် လိုလေသေးမရှိအောင် ကျေပွန်စွာလက်ခံနိုင်ရန် အစစ မပြည့်စုံသေးသည်ကို သတိပြုကာ အစိုးရနှင့်ပြည်သူ လက်တွဲကြိုးပမ်းလျက်ရှိသည် ဆို၏။ ။ **ကိုးကား-အင်တာနက်**

ပလောသမ္မတနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းဒေသတွင် တည်ရှိ၊ မီးတောင်နှင့် သန္တာကျွန်း ၂၀၀ကျော်ဖြင့် ဖွဲ့စည်းထားသည့် ကျွန်းစုနိုင်ငံဖြစ်၊ ကျွန်းအများအပြားကို တစ်ခုတည်းသော ကျောက်တန်းဖြင့် ကာကွယ်ပေးထား။

## ဘဝအမောပြေ

### စိတ်ချပါ

အလွန်ရိုးသားသော သူဌေးလူပျိုကြီးတစ်ဦးသည် သေဆုံးခါနီးအချိန်တွင် ရှေ့နေအားခေါ်ယူကာ အရေးကြီးသည့်အချက်များကို မှာလေသည်။

**သူဌေး** ။ ။ ကျွန်တော် သိပ်မနေရတော့ဘူး။
**ရှေ့နေ** ။ ။ စိတ်မလျှော့ပါနဲ့ဗျာ။
**သူဌေး** ။ ။ အကူအညီတောင်းချင်လို့ ခေါ်လိုက်တာပါ။
**ရှေ့နေ** ။ ။ ဟုတ်ကဲ့၊ ပြောပါ။ အစွမ်းကုန် ကူညီပါ့မယ်။
**သူဌေး** ။ ။ ကျွန်တော်သေရင် ကျွန်တော်ပိုင်ဆိုင်တဲ့ ငွေကြေးတွေကို ကျွန်တော့်အုတ်ဂူထဲ ထည့်ပေးစေချင်တယ်။
**ရှေ့နေ** ။ ။ စိတ်ချပါ၊ ကတိပေးပါတယ်။

မကြာမီ သူဌေးကြီးသေဆုံးသွားလေသည်။ သူဌေးကြီးကို ပေးခဲ့သည့် ကတိအတိုင်း ရှေ့နေလည်း သူဌေးကြီးအုတ်ဂူသို့သွားကာ သူဌေးကြီး ပိုင်ဆိုင်သမျှ ငွေကြေးဥစ္စာ ပစ္စည်းများ၏ တန်ဖိုးကို စက္ကူအလွတ်တွင်ရေးကာ ထည့်ပေးလိုက်လေသည်။ ။

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

### ပယ်နယ်တီအများဆုံး အဆက်မပြတ် ကန်သွင်းမှုစံချိန်

**စင်ကာပူနိုင်ငံရှိ မန်ချက်စတာယူနိုက်တက် ပရိသတ် ၅၀၀စုစည်း၍ မန်ယူဝတ်စုံအားကစား တီရှပ်များကို တူညီဝတ်ဆင်ကာ ပယ်နယ်တီကန်သွင်းမှု ၃၆၄ကြိမ်ကို အဆက်မပြတ်ကန်သွင်းခဲ့ရာ ဂိုးပေါင်း ၁၃၆ဂိုး ဝင်ခဲ့သည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ဘောလုံးပရိသတ်များစုစည်းပြီး ပယ်နယ်တီအဆက်မပြတ် ကန်သွင်းမှုအကြိမ် အရေအတွက် အများဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဩဂုတ်၂၈ရက်က ဖော်ပြခံရသည်။** (အောက်ပုံ) (အင်တာနက်)






### မောင်မောင်မြင့်ဆွေ စုစည်းတင်ပြသည်

### ဝေဟင်မှမြေပြင်သို့ မျဉ်းတစ်ဖြောင့်တည်း လေဟုန်စီးခဲ့သူများ

**အီတလီနိုင်ငံ ဖာနိမြို့ဝေဟင်တွင် အီတလီနိုင်ငံသားများဖြစ်ကြသော ဖရက်တာနာလီ၊ ဂီအော်ဂျီနှင့် ဗစ်ထရူနီ အမည်ရှိ လူငယ်သုံးဦးသည် မြေပြင်မှ ၁၀၂ကီလိုမီတာ အမြင့်ရှိ ဝေဟင်မှ မြေပြင်သတ်မှတ်နေရာသို့ မျဉ်းတစ်ဖြောင့်တည်း အတိမ်းအစောင်းမရှိ လက်တွဲကာ လေဟုန်စီး ဆင်းသက်နိုင်ခဲ့သဖြင့် ကမ္ဘာပေါ်၌ ဝေဟင်မှမျဉ်းတစ်ဖြောင့် တည်းသတ်မှတ်နေရာသို့ ဆင်းသက်နိုင်သူများအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဩဂုတ် ၂၈ရက်က ဖော်ပြခံရသည်။** (အပေါ်ပုံ) (အင်တာနက်)

### ကမ္ဘာ့ဆံပင်အရှည်ဆုံး အမျိုးသား

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင်နေထိုင်သူ ဆူဒက်မူတူ အမည်ရှိ အမျိုးသားတစ်ဦး၏ဆံပင်အရှည်သည် ၆ပေ၃လက်မ ရှိရာ ကမ္ဘာပေါ်တွင် ဆံပင်အရှည်ဆုံး အမျိုးသားတစ်ဦးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဩဂုတ်၂၈ရက်က ဖော်ပြခံရသည်။ ၎င်းသည် အသက် ၁၅နှစ်အရွယ်မှ စတင်ကာ ၂၃နှစ်ကြာ ဆံပင်မညှပ်ဘဲ အရှည်ထားခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**
**(အင်တာနက်)**



# ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်သည် ဩဂုတ် ၂၀ရက် နံနက်ပိုင်းက မိတ္ထီလာမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ယာဉ်/ယန္တရားသိုလှောင်ရုံသို့ ရောက်ရှိပြီး ယာဉ်/ ယန္တရားများ ကြံ့ခိုင်မှုရှိစေရေး၊ သိုလှောင်ရုံဝင်းအတွင်း ရာသီသီးနှံ၊ နှစ်ရှည်ပင်များ စိုက်ပျိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျဆောင်ရွက်ထားရှိရေးတို့ကို မှာကြားသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၂၁ရက် နံနက်ပိုင်းက ကျောက်မဲမြို့သို့ရောက်ရှိပြီး နီပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့က ဆောက်လုပ်လှူဒါန်းခဲ့သော မန်ခါးကျေးရွာ အခြေခံပညာမူလတန်းကျောင်း **(အပေါ်ယာပုံ)**နှင့် လားရှိုးမြို့နယ် ကောင်းခါး ကျေးရွာအခြေခံပညာမူလတန်းကျောင်းများသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်များကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် မွန်းလွဲပိုင်းတွင် လားရှိုးမြို့နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်နှင့် နည်းပြများအားတွေ့ဆုံကာ ထူးချွန်ထက်မြက်သော လူငယ်များ ပေါ်ထွန်းလာစေရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး၊ ကျောင်းဝင်းအတွင်း ရာသီသီးနှံနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးရေးတို့ကို မှာကြားပြီး ကျောင်းသားအိပ်ဆောင်နှင့် စားရိပ်သာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြို့နယ်သတင်း ထွေတလာ

## ပူတာအိုမြို့နယ်၌ စာကြည့်တိုက်ပန္နက်တင်

**ပူတာအို ဩဂုတ် ၂၃**

ပူတာအိုမြို့နယ် အဒေဒီကျေးရွာ ချောင်းဆုံစာကြည့်တိုက်ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဩဂုတ် ၃ရက် နံနက်က စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ ပန္နက်တင်အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဖုန်ဇီးဒီး၊ကျေးရွာဥက္ကဋ္ဌ ဦးဒီးဟာနှင့်တာဝန်ရှိသူများက ချောင်းဆုံစာကြည့်တိုက်ကို ပန္နက်တင်ပေးကြသည်။ **(အောက်ပုံ)**

**တည်ဆောက်**

အဆိုပါစာကြည့်တိုက်သည် အလျား ၂၄ပေ၊ အနံ၁၄ပေ၊ သွပ်မိုး၊ သမံတလင်းခင်း၊ ပျဉ်ကာဖြစ်ပြီး နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ဟားခါး၌ကျင်းပ၊ စံပြမိခင်ဆုချီးမြှင့်

**ဟားခါး ဩဂုတ် ၂၅**

ချင်းပြည်နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ရက် နံနက်၉နာရီက ပြည်နယ်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးနေဝင်းက အမှာစကားပြောကြားပြီး စံပြမိခင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

**ဖြန့်ဝေ**

ထို့နောက် ပြည်နယ်အတွင်းရေးမှူးနှင့် ဧည့်သည်တော်များသည် ခြောက်လမှ ငါးနှစ်အတွင်း ကလေးများအား ဗီတာမင်အေဆေးလုံးများတိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများနှင့် သန်ချဆေးများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ဗီတာမင်နှင့် အာဟာရများကိုလည်းကောင်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## စုပေါင်းလှူဒါန်း

**ပုဂံ-ညောင်ဦး မြို့နယ်အသင်း(ရန်ကုန်)၏ အဋ္ဌမအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၂ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မှန်ကျောင်း၌ ကျင်းပရာ အသင်းဥက္ကဋ္ဌဦးသိန်းအောင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။** (မြို့နယ်အသင်း)





ကျောက်တော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဩဂုတ် ၉ရက်က ကျောက်တော်မြို့ မြို့မအလယ်တန်းကျောင်း စာသင်ခန်းများနှင့် ကျောင်းဝင်းအတွင်း ခြင်ဆေးများဖျန်းပေးခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် ကျောင်းအုပ်ဆရာကြီး ဦးအောင်ရွှေကျော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

**ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ နွားလေးကုန်းကျေးရွာ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၅ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



## ကျေးလက်စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး ဝိုင်းမော်၌ ကွင်းဆင်းဆောင်ရွက်

**ဝိုင်းမော် ဩဂုတ် ၂၄**

မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်သည် ဝိုင်းမော်မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းရီ၊ ဝန်ထမ်းများနှင့်အတူ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဩဂုတ် ၁၇ရက် နံနက် ၁၀နာရီက မုတ်လွဲကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ရပ်ကွက်ဥက္ကဋ္ဌနှင့် စာကြည့်တိုက် ကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်အဆောက်အအုံ သတ်မှတ်အချိန်မီ ပြီးစီးရေး၊ စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်ရေးလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းရီက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာဖတ်ခြင်းအကျိုးများကို ရှင်းလင်းဆွေးနွေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပဲခူးမြို့ မဇင်းဆည်အတွင်း ငါးမျိုးစိုက်ထည့်

**ပဲခူး ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ ပဲခူးမြို့ မဇင်းဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၆ရက်က ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများစုပေါင်း၍ မဇင်းဆည်အတွင်း ငါးမြစ်ချင်းကောင်ရေ ၆၀၀၀၀ကျော် နှင့် ငါးခုံးမကောင်ရေ ၆၀၀၀၀ကျော် စုစုပေါင်းကောင်ရေ ၁၂၀၀၀၀ကျော်ကို ငါးမျိုးစိုက်ထည့်ခဲ့ကြသည်။ **(ငါးလုပ်ငန်းဦးစီး)**

## ဖလမ်း၌ အထူးကုဆရာဝန်များ ဆေးဝါးအခမဲ့ကုသ

**ဖလမ်း ဩဂုတ် ၂၂**

ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းသည် ခရိုင်၊မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖလမ်းမြို့ပြည်သူ့ဆေးရုံကြီးအထူးကုဆရာဝန်များလိုက်ပါလျက် ဇူလိုင် ၁၇ရက် နံနက် ၈နာရီက ဖလမ်းမြို့နယ်လုမ်ဘန်းကျေးရွာ မိုးသီးနှံစိုက်ပျိုးဖြစ်ထွန်းမှု၊ ကားလမ်းပေါ်မြေထိန်းနံရံတည်ဆောက်မှု၊ အခြေခံပညာအထက်တန်းကျောင်းနှင့် တိုက်နယ်ဆေးရုံများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ခရိုင်ဥက္ကဋ္ဌက တိုက်နယ်ဆေးရုံ၌ ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာ ဦးမြင့်စိုးခေါင်းဆောင်သော အထူးကုဆရာဝန်များ၏ ကျေးရွာပြည်သူများအား ကျန်းမာရေးစစ်ဆေးမှုနှင့်လူနာပေါင်း ၁၁၅ဦးတို့အား အခမဲ့ ဆေးဝါးကုသဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## မီးဘေးလုံခြုံရေးဆောင်ရွက်

**စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကျွန်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၁၃ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ကျော် ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)





**တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နောင်အင်ရေထွက်မှ တိုးချဲ့ရေပေးရေးလုပ်ငန်း ဂါလန်တစ်သိန်းဆံ့ ရေစုကန်ဆောက်လုပ်နေမှုကို ဩဂုတ် ၁၆ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

## ဝါခေါင်မိုး ၃၀-၈-၂၀၁၀

| | |
|---|---|
| မာန်အောင်မြို့ | ၄ ဒသမ ၄၉ လက်မ |
| ရေးမြို့ | ၃ ဒသမ ၉၄ လက်မ |
| သံတွဲမြို့ | ၂ ဒသမ ၉၉ လက်မ |
| ကျိုက္ကမီမြို့ | ၂ ဒသမ ၉၁ လက်မ |
| ထားဝယ်မြို့ | ၂ ဒသမ ၇၂ လက်မ |
| သာယာဝတီမြို့ | ၂ ဒသမ ၆၀ လက်မ |

## ပဲခူးမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၃၀

ပဲခူးမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြို့၌ ၉၁၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် ဩဂုတ် ၃၀

၂၀၁၀ ခုနှစ် ဩဂုတ် ၃၀ရက် မြန်မာစံတော်ချိန် ညနေ ၄နာရီ ၁၀မိနစ် ၄၄စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ မြောက်အနောက်မြောက်ဘက် မိုင် ၂၂၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မြစ်ကြီးနားမြို့၏ အနောက်ဘက် မိုင်၁၃၀ခန့်အကွာ)နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေး သတင်းမှတ်စု

အာကာကျော် - စုစည်းသည်

## ဆူမတြားကျွန်းပေါ်က မီးတောင်ကြီး ထပ်မံပေါက်ကွဲ

*ဂျကာတာ ဩဂုတ် ၃၀*

*ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ ရေကြီးမြေပြိုမှုများဖြစ်ပေါ်ခြင်း၊ မြေငလျင်လှုပ်ခြင်းနှင့် မီးတောင်များပေါက်ကွဲခြင်း၊ ရေခဲတောင်များ အရည်ပျော်ကျခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဆက်စပ်ဖြစ်ပွားနေကြောင်း သိပ္ပံပညာရှင်တို့က ဆိုထားသည်။*

*ကမ္ဘာကြီးပူနွေးလာမှုအကျိုးဆက်ကြောင့် ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများ၏ ရေမျက်နှာပြင်အပူချိန်မှာ တိုးလာပြီး အပူပိုင်းမုန်တိုင်းများ ဖြစ်ပေါ်လာရသည်။*

### ပေါက်ကွဲရခြင်းဖြစ်

*ထို့အတူပင် မြေငလျင်များလှုပ်သဖြင့် ကမ္ဘာ့မြေမျက်နှာပြင်အပေါ်ယံလွှာ တွန့်ခေါက်မှုဖြစ်ရာမှ မီးတောင်များ ပေါက်ကွဲရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်တို့က ဆက်စပ်တွေးခေါ်ကြည့်ကြ၏။*



နှစ်ပေါင်း ၄၀၀အတွင်း ငြိမ်သက်နေခဲ့သော ဆူမတြားကျွန်းပေါ်ရှိ စီနာဘန်းမီးတောင် ဩဂုတ် ၂၉ရက်က ပေါက်ကွဲပြီးနောက် ဩဂုတ် ၃၀ရက်တွင် ထပ်မံပေါက်ကွဲမှုမြင်ကွင်း....။

*တစ်ဖန် ရေကြီးမှုများဖြစ်ပေါ်သဖြင့် ရေစီးကြောင်းများပြောင်းလဲခြင်း၊ မြေပြိုခြင်း၊ ကမ္ဘာ့အပေါ်ယံမြေမျက်နှာပြင် တွန့်ခေါက်မှုဖြစ်စဉ်ကြောင့် မီးတောင်များဖြစ်ပေါ်ခြင်းတို့မှာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်။*

*၁၈၁၅ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဆွန်ဘာဝါဒေသ၌ တန်ဘိုရာမီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့သဖြင့် လူပေါင်း ၉၂၀၀၀ သေဆုံးခဲ့ရသည်။ ၂၀၀၄ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကမ်းခြေအနောက်ဘက်ကမ်းလွန်ဒေသ၌ ၉ဒသမ ဝအဆင့်ရှိ ငလျင်လှုပ်ခဲ့သဖြင့် ဆူနာမီဖြစ်ပေါ်လာပြီး လူပေါင်း ၂၂၅၀၀၀ သေဆုံးခဲ့ရသည်။*

*စာမျက်နှာ ၉ ကော်လံ ၅* ❐

31-8 (20).pmd 1 8/31/2010, 2:34 AM